
mgyoe.com

SAMPLE BOOK



# ဒါနုဝေသ

# ဘုန

mgyoe.com

mgyoe.com

SAMPLE BOOK



အနု


9 782025 001385

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၃၈)

ပုံနှိပ်မှတ်တမ်း



# ဝါနုသော်

အနာ


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ နေမျိုးဆေး

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၆၀၂၀

ဝါနုသော်
အနာ / ဝါနုသော်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၉၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၃၈) အနာ


mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | မျိုး | အညာရယ် အလွမ်းရယ် ဇီးချာရယ် |
| ၂။ | မယ်ရ | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဒေဘ | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညာရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သဉ္ဇာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဝင်းနေမင်း | ခေါင်မိုးများ |
| ၁၂။ | ဓါဓါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဝင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | နူးရှမ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | တိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစဒေဘ | ခေါင်းမြရီ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | မျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ် | ဆုံးမယ်လက်. |
| ၃၂။ | ညီထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီစဒေဘ | ရွှေလွန်းမျှ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | နွယ်နှမ်း နွယကလျာဆီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

# စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၇။ | ထက်တုန်းရှိန် | အချစ်ပြစ်ပြင်က ပေဗ္ဗာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချမ်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ဗိုင် | နှမ်းလျှင့်ကင်ယေ |
| ၄၁။ | အောထူးအောင်အဏ္ဍဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နကွတ်ကြွေ ပျိုးခင်း |
| ၄၄။ | ထက်တုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | ရုပြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်တုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေနပ်ပါ |
| ၅၁။ | နိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းနှိုင်းရလို့မှ မမှီ |
| ၅၄။ | ယန်းငုဝါဝါ | ကမာရွတ်အိမ်မက်… လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေယာင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်တုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုခြားမြိုင် |
| ၆၁။ | သားထွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ပျိုး | အလွမ်းဖြင့် နွေးစေ |
| ၆၃။ | နဒီလင်းသစ်ဆေး-၂ | ၁၉၂၂ |
| ၆၄။ | ရဲမြတ် | ကုန်းဘောင်ရယ် လွမ်း |
| ၆၅။ | ဖန်မော်တင်အောင် | မကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စေညွှန်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်ကြွယ်ဘုရွေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မမဟုတ်ဘိ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

# စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၇၃။ | နိုင်းနိုင်းစနေ | နလုံးသားဝန်ဆောင်မှု |
| ၇၄။ | ဗူးရှုမေ | ချစ်ခြင်းမေတ္တာ၏ အုတ်မြစ်များ |
| ၇၅။ | ဖန်မော်တင်အောင် | ပန်းများပွင့်သော ညတည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ချွတ်ကလေး |
| ၇၇။ | ဗူးရှုမေ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အာကာဦး | လမ်းဆုံးမှတ်ဉာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘုတာ |
| ၈၀။ | Aqua | အစိမ်းရောင် မှော်ပညာရှင် |
| ၈၁။ | နဂါးမောင်မောင်သဘာဝကျွိရ | စိတ်ဝိညာဉ်အပိုင်းအစများ |
| ၈၂။ | နိုင်းနိုင်းစနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | လင်းသစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |
| ၈၄။ | လင်းသစ် | လုပ်ငန်းစွမ်းဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | လင်းရောင်နီစဘေး | ပင်လက်ပဲ ကြွေချိန်ကျပြီဖို့ |
| ၈၆။ | မြမြဆွေစိတ်ပညာ | မိမိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |
| ၈၇။ | နိုင်းနိုင်းစနေ | ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ |
| ၈၈။ | ဗိုဘားနိုင် | စုတိယပင်လယ် |
| ၈၉။ | နိုင်းနိုင်းစနေ | ၉၀-၁၀ နိယာမ |
| ၉၀။ | လင်းသစ် | ဗိုကောင်းမယ့် မနက်ဖြန် |
| ၉၁။ | သက်ထားရွှေဝင်(THSS) | မေတ္တာနှင့် ခွင့်လွှတ်ခြင်း |
| ၉၂။ | အိမ်ဆို | ကြယ်တွေဟာ မင်းအတွက်ပဲ လင်းလက် တောက်ပနေတာပါ |
| ၉၃။ | ဝေယံထွန်း | သင့်အစွမ်းအစတွေကို မြှင့်တင်လိုက်ပါ |
| ၉၄။ | ထက်ဘုန်းရှိန် | ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ |
| ၉၅။ | လင်းရောင်နီစဘေး | ပါပါတယ်ဆဝ်သွားဖူး နန်းဦးကမ္ဘေး |
| ၉၆။ | Tsukimi | တကျွန်ချင်စိတ် |
| ၉၇။ | ခဲတံ | တစ်ပတ်အတွင်း MOVE ON လုပ်နည်း |
| ၉၈။ | ဗူးရှုမေ | ရှင်သန်ခြင်း၏ အဓိပ္ပာယ် |
| ၉၉။ | နဂါးမောင်မောင်သဘာဝကျွိရ | သံမဏိဝိညာဉ် |
| ၁၀၀။ | စာရိပ်မြိုင်တိုက်ထုတ်ကလောင်စုံ | မြိုင်မြိုင်ဆိုင်ဆိုင် စာရိပ်မြိုင် |
| ၁၀၁။ | ဗူးရှုမေ | ချစ်သော အမျိုးသမီးလေး ထံသို့ |
| ၁၀၂။ | မြသွေးနှင်းဆီ | အလွမ်းပြည်ကို ရေးတဲ့စာ |
| ၁၀၃။ | လွန်းဝေပြင်း | ကြေမွှနွမ်းခြွေ |
| ၁၀၄။ | ထွန်းတောက်ထွင်သန့်ချာ | သံယောဇဉ်တွယ်…နှယ် |
| ၁၀၅။ | ထက်ဘုန်းရှိန်၊ ဆည်းဆာ | အနုပညာမြောက်စွာ နိုးယှဉ်ခြင်း |
| ၁၀၆။ | ဗူးရှုမေ | အဝါရောင် စုဘူးထဲမှာ ပျော်ရွှင်ခြင်းတွေ ရှိတယ် |
| ၁၀၇။ | နေမျိုး | စဿနပညာရှင် ရောက်ရှိခြင်း |
| ၁၀၈။ | ဘုန်းမောင်ဦး | ပျော်ချင်ယောင် မဆောင်နဲ့ |

mgyoe.com

mgyoe.com SAMPLE BOOK

# စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁၀၉။ | သက်ထားရွှေဝင်(THSS) | ရှင်သန်နေမယ့် နေ့ရက်များ |
| ၁၁၀။ | နိုင်းနိုင်းစနေ | ရက် ၁၀၀ ရဲ့ ဗိုင်ယာရီ |
| ၁၁၁။ | ဂုဏ်ပြတ်ချစ် | မျှော်လင့်ချက်တို့ ရှင်သန်ရာ တံကြည့်တိုက် |
| ၁၁၂။ | ဇိုင်ရာ | တခွေမှတ်စု |
| ၁၁၃။ | နိုင်းနိုင်းစနေ | ဘဝအတွက် လိုအပ်တဲ့ အားဆေး |
| ၁၁၄။ | စုရှုမေ | စိတ်လုံခြုံမှု ရပ်ဝန်းငယ် |
| ၁၁၅။ | နိုင်းနိုင်းစနေ | ပျော်ရွှင်တဲ့ အပြုံးမှင့် ဖန်ဆင်းခြင်း |
| ၁၁၆။ | ဖီဝိဆို | ငါဝိသစ္စာပဲ ရှင်သန်သွားတော့မလို့ |
| ၁၁၇။ | အာကာဦး | ကလာရာနှင့် ရှင်နေမင်း |
| ၁၁၈။ | သော်တာအေးလှ | လရိပ်ပိုးမျှင် |
| ၁၁၉။ | သခင်ဘသောင်း | ဒေးဗစ်ကော့ပါဖီး |
| ၁၂၀။ | နိုင်းနိုင်းစနေ | ကိုယ့်နေ့ဦးမှာသာ ပွင့်တဲ့ပန်း |
| ၁၂၁။ | ကိုတာ | ဝင်နှင့် အနုပညာ |
| ၁၂၂။ | ကြည်မင်းခေါင် | ရှေ့ဆက်သွားပါ |
| ၁၂၃။ | ဘုန်းမောင်ဦး | သံမထိစိတ်ဓာတ် |
| ၁၂၄။ | ရွှေညာထိ | လူချစ်လူခင်များသော ဘဝကို တည်ဆောက်နည်း |
| ၁၂၅။ | မင်းခန့်ပြည့် | ခင်မင်ရင်းနှီးမှု တံတားများ |
| ၁၂၆။ | လင်းရောင်နီစဘော | ကျေးတောသူ |
| ၁၂၇။ | နေမျိုး | စာရေးစားပွဲထိုင်တဲ့နေ့ |
| ၁၂၈။ | နိုင်းနိုင်းစနေ | နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက် |
| ၁၂၉။ | နိုင်းနိုင်းစနေ | အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး |
| ၁၃၀။ | ရေမှ | ဆော်လမွန်ပော်ဝင်ကျမ်း |
| ၁၃၁။ | အာကာဦး | ရိုးရှင်းတဲ့ ရမ္မက် |
| ၁၃၂။ | လင်းခါး | ပန်ပုလင်းထဲက အသဲကွဲ ပုစဉ်းရုံ |
| ၁၃၃။ | ဂုဏ်ပြတ်ချစ် | ကြောင်တစ်ကောင်နှင့် သုံးရက်တာ |
| ၁၃၄။ | သခင်ဘသောင်း | ကမ္ဘာပတ်လည် ရက်ရှစ်ဆယ် |
| ၁၃၅။ | လူသာ | အခုပဲ လုပ်လိုက်ပါ |
| ၁၃၆။ | ထက်ထက်တင်ဇာ | ထရမ့်(အမေရိကန်သမိုင်းကို တမျက်နှာ အသစ်ဖွင့်ခဲ့သူ) |
| ၁၃၇။ | Thismoment Zone | ကောင်းမှု ဗိုင်ယာရီ |

ယခုထွက်ရှိသည့် စာရိပ်မြိုင်အမှတ်စဉ် (၁၃၈)
ဝါနုသော် - အနှာ

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

ရထားသံလမ်းဘေးက မိန်းကလေးတစ်ယောက်။ အဲဒီတုန်းက ကျွန်တော်က လူပျိုပေါက်အရွယ်။ သူနဲ့ဆုံဖူးတာက ည ၉ နာရီအချိန်လောက်ထင်တယ်။ သီတင်းကျွတ် လပြည့်နေ့ပါ။ ကလေးတစ်ယောက်ကို လက်ဆွဲပြီး သံလမ်းမှာ လမ်းလျှောက်နေတဲ့ သူ့ကို သတိထားမိခဲ့တယ်။

နောက် ကျွန်တော်ဟာ သူနဲ့ရင်းနှီးလာ။ သူက ဘဝအတွေ့အကြုံများစွာကို ဖြတ်သန်းဖူးတဲ့ မိန်းကလေး။ အင်မတန် သိမ်မွေ့ပြီး နားလည်ရခက်တဲ့ မိန်းကလေးပါ။ တစ်ခါတစ်ရံ ကျွန်တော့်ကို လှောင်တယ်။ သူ အတည်ပြောနေတာလား၊ တမင်ပြောနေတာလား ကျွန်တော် မမှန်းတတ်။

ဆိုပါစို့၊ တစ်ခါတလေမှာ သနားချင်အောင်ပြောတယ်။ ကျွန်တော်က စိတ်ဝင်တစား နားထောင်ပြီး သူစိတ်ပြေအောင် တစ်ခုခုအစပျိုးမိပြီဆိုရင် သူက ရယ်တယ်။ သူ့အမူအရာတွေကို အခြေပြုပြီး ဒီစာအုပ်ကို ရေးဖြစ်တာပါ။

စာတစ်အုပ်ရေးရင် အတွေးသစ်တွေ ပါရမယ်လို့ စာရေးဆရာကြီး တစ်ယောက် ပြောဖူးတယ်။ ဒီစာအုပ်မှာ အသစ်တွေတော့ မပါပါဘူး။ ရေးခဲ့တာက လွန်ခဲ့တဲ့ ၈ နှစ်လောက်ကဆိုတော့ အဟောင်းတွေထဲ လူးလွန့်နေတဲ့ အတွေးတွေပဲ ပါလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ အဟောင်းတွေကိုမြင်မှ အသစ်တွေကို ခံစားမိမယ် ထင်ရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ယူစရာသင်ခန်းစာတွေတော့ ပါမှာမဟုတ်ပါ။ ဒါပေမဲ့ အမြင်မတူတာတွေတော့ ပါကောင်းပါနိုင်ပါလိမ့်မယ်။ စကားကြီးတွေလို ထင်ရတာမို့ ကြီးကျယ်တဲ့ ဝတ္ထုတော့ မဟုတ်ပါဘူး။ သာမန် ပေါ့ပေါ့ပါးပါး အချစ်ဝတ္ထုတစ်ပုဒ်မျှသာပါပဲ။

သို့သော် ခပ်ပေါ့ပေါ့ ရေးခဲ့တာတော့ မဟုတ်ပါဘူး။ ရည်ရွယ်ချက်တစ်ခုကို ဇောင်းပေးပြီး ရေးဖြစ်ခဲ့တာပါ။ စကားလုံးတစ်လုံးလောက် ကျန်ခဲ့တယ်ဆိုရင်ပဲ ကျေနပ်ပါပြီ။

ဝါနုသော်

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အနှာ (၁)

## (က)

ကူး။

ကူးသည် ဆူးတစ်ချောင်းဖြစ်၏။

ကျွန်တော့်ကို ဆူးသော ဆူးဖြစ်သည်။ ကျွန်တော့်ကိုသာမက ထိသမျှ လူတိုင်းကို စူးရှစေသည့် ဆူးဖြစ်သည်။

သူ့ကိုယ်သူ အစူးခံ၍ ပြန်စူးသော ဆူးဖြစ်သည်။

သူ့ကိုယ်သူလည်း စူးခဲ့၏။

သူမသိခင်မှာပင် သူ့ကို စူးနေခဲ့တာ ဖြစ်သည်။

ကူးသည် မာယာများ၏။ ထိုထိုသော မာယာကို ကျွန်တော်မုန်း၏။

သို့သော် သူ့မာယာသည် မာယာမမည်ဘဲ သနားစဖွယ် ဖြစ်နေပြန်သည်။ ဘာကိုသနားပါသလဲဟု မေးလျှင် ကျွန်တော် မဖြေတတ်။

ကူးဟူသော ဆူးသည် မာယာနှင့်တစ်မျိုး ပကတိအသွင်ဖြင့်တစ်သွယ် သနားစဖွယ် နှလုံးသားကို ရွှံမုန်းဖွယ်ကောင်းသော မျက်နှာဖြင့်ဖုံး၍ ကျွန်တော့် ရင်ဝယ်သို့ နင့်အောင်၊ နက်အောင် တအိအိဖြင့် ထိုးစိုက်လာသည့် ဆူးဖြစ်သည်။

ထုတ်နုတ်ပစ်ဖို့ မစွမ်းသာ။

စွမ်းသာလျှင်လည်း ထုတ်နုတ်ပစ်ဖို့ စိတ်မကူးမိ။

mgyoe.com

mgyoe.com SAMPLE BOOK

"ကူးက ဘယ်သူ့ကိုမှ ဆွဲခေါ်ထားသူ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေ တဖွဲဖွဲနဲ့ ရောက်လာကြတယ်။

ပြီးရင်လေ ကူးကို စွပ်စွဲကြသေးတယ်။ ကူးက နေလိုပူတဲ့ မိန်းမပဲတဲ့။ ကူးဘာသာ ကူးရပ်နေတာပဲလေ။

ကြည့်မိတဲ့သူက စူးမယ်။ ပြီးရင် မျက်လုံးကို စုံမှိတ်ပြီး စူးလိုက်တဲ့ နေရယ်လို့ စွပ်စွဲခံရသလိုမျိုးပဲ။

အချို့ကလည်း ဆိုကြသေးတယ်။ မိန်းမရွှင်ပညာသည် မိကူးတဲ့။ အဟင်း၊ ကူးကိုရော ကိုလေးက ဘယ်လိုမြင်သလဲဟင်။ ကိုလေးလည်း သူများတွေ မြင်သလို ကူးကို မြင်နေတာထင်ရဲ့။

ထင်တာမဟုတ်ဘူး။ အဲဒီလိုပဲဖြစ်မှာပါ။ ဒါကြောင့်လည်း ခိုင်လင်းပျောက်နေတဲ့ကိစ္စမှာ ကူးကို လာမေးတာပေါ့နော်"

ကူးနှင့် ပထမဆုံး ဆုံခဲ့စဉ်က စကားများ။

ကူးသည် ကျွန်တော့်မျက်လုံးဝယ် သူ့စကားအပေါ် အယုံအကြည်ရှိမရှိ ရှာကြည့်မိသည့်နှယ် ငေး၍နေခဲ့ပါသည်။ သူ့အငေးမျက်လုံးတွင် မှော်အတတ်တစ်မျိုး ရှိနေသည်ထင်သည်။

သံသယစိတ်သည် အငွေ့များလို ဝေ့ကာဝဲကာဖြင့် ပျက်ပြယ်စပြုလာရပြီး သူ့မျက်လုံးဆီမှ အကြည့်ကို ရုပ်ရ၏။

"မယုံတာ မဟုတ်ဘူး၊ သိမယ်ထင်လို့ မေးကြည့်တာ"

ကူးသည် ကျွန်တော့်အား ရီဝေစွာ ကြည့်ပြန်သည်။ သူ့မျက်လုံးသည် ရီဝေသည်ဆိုသော်ငြား ညိုးလျနေပုံမျိုးမဟုတ်ဘဲ နေညိုချိန်တွင် ငြိမ်၍ တောက်နေသော တိမ်စိုင်လို စိုမှိုင်းမှိုင်းကလေး ဖြစ်သည်။

ထူးဆန်းရဲ့။

သူ၏မျက်လုံးတောက်တောက်ကလေး အရည်လဲ့လာရုံသာဖြစ်ပြီး ပါးလျသော နှုတ်ခမ်းနှစ်လွှာသည် ပြေလျော့ရုံသာ ဖြစ်၏။

သည်သို့သော ဟန်ကိုပင် ရီဝေသည်ဟု ကျွန်တော်မှတ်ယူသည်။

သည်နှုတ်ခမ်းနှစ်လွှာ၏ ထောင့်တစ်ချက်ကို ပင့်မလိုက်လျှင်တော့ ကူးသည် ကြောက်စရာဖြစ်သွားပြန်၏။

"အစ်ကိုကြားသိရတဲ့ သတင်းအရ ငလင်းဟာ ညီမလေးအပေါ်မှာ သံယောဇဉ်ရှိတယ်လို့ သိရတယ်"

mgyoe.com

mgyoe.com

ကူးသည် လှစ်ခနဲ အကြည့်စိုက်ပြီး အတန်ကြာသည့်အခါ ကြည်ကြည်မြမြလေး ပြုံးပြန်သည်။

"သူက ကူးကို ချစ်နေတာ ကိုလေး၊ ကူး ဘာပြောပြော ခေါင်းညိတ်တတ်တဲ့ ကလေးတစ်ယောက်ပဲ။

အင်း ဆောရီး အစ်ကို၊ ကူးပြောချင်တာက အစ်ကိုကြားတဲ့ သတင်းမှန်ကြောင်း ထောက်ခံတာပါ။

ကူးဘက်က သူ့အပေါ် မောင်လေးတစ်ယောက်လို ခင်မင်တာပါပဲ။ အစကတော့ သူကလည်း ကူးကို အစ်မလိုခင်တာ ထင်နေတာ။

သူ့ခြံက သစ်ခွတွေ ပွင့်ရင် ကူးဆီ ပထမဆုံး ယူလာပေးတာပဲ၊ သိပ်ချစ်ဖို့ကောင်းတဲ့ ကလေးလေး၊ ကိုလေး သိရဲ့လားဟင်။ ကူးမှာက မောင်နှမမရှိဘူး ကိုလေးရဲ့။

သူ့ကိုသာ ခင်မိတာ။ အခုတော့ သူက ပျောက်နေတယ်။ ကူးလည်း သူ့ကို သတိရတာပါပဲ။ ပြန်တွေ့မှ နောက်ခါ ဒီလိုမလုပ်ဖို့ တားရမယ်။

အင်း၊ ကူးက အစစ အရာရာ တားပါတယ်။ အရက်မသောက်ဖို့၊ မိန်းမမရှုပ်ဖို့၊ လိမ္မာဖို့ အစစ အရာရာ ပြောတယ် ကိုလေးရဲ့"

ကူး၏စကားများကို ကျွန်တော်ယုံခဲ့ပါ၏။ ကူးထံ သက်ဝင်မိသော မိမိသံသယကိုပင် ပြန်၍ အားနာခဲ့ရလေသည်။

ကျွန်တော့်ညီ တော်စပ်သူ ငလင်းသည်ကား ပျောက်ချင်းမလှ ပျောက်နေခဲ့သည်။ ဒေါ်လေး၏ ငိုယိုသံကို မကြားနိုင်တော့၍ သည်နေရာသို့ လာခဲ့ရသည်။

ငလင်းကို လာရှာရသည်။ ဆက်စပ်သမျှ လူအားလုံးကို လိုက်မေးရသည်။

ကျွန်တော်သည် ငလင်းနေခဲ့သည့် ဆီအုန်းခြံကို တာဝန်ယူရင်း သူ့ခြံအလုပ်သမားများဖြစ်သည့် ကိုစိုးနိုင်နှင့် ဦးလှထံမှ သူ့အကြောင်း စုံစမ်းရသည်။

သတင်းမရ။

နောက်ဆုံးတွင် ငလင်း၏ ဖြစ်ပျက်အစုံကို သိနိုင်ဖို့ရာ လမ်းစသည် ကူးဟူသော အမည်နာမတွင် တန့်၏။

ကိုစိုးနိုင်၏ စကားအရ ကူးအပေါ် သံသယစိတ်ဖြစ်မိခဲ့သည်။ ကူးနှင့်တွေ့ပြီးသည့်အခါ သံသယသည် အကြွင်းမဲ့ ပျက်ပြယ်ခဲ့ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းနားတွင် အလောင်းတစ်လောင်း တွေ့သည်ဟု သတင်းကြား၍ သွားကြည့်မိသေး၏။ လေင်းမဟုတ်မှ သက်ပြင်းချနိုင်သည်။

"ကျွန်တော့်အထင်တော့ ခိုင်လင်းက မသေသေးပါဘူး၊ သူလေလွင့်နေတာ ကိုလေးမောင်ရ၊ ဟုတ်တယ် အတိအကျပဲ။

အဲဒါ ကူးသိမှာပဲ။ တခြားသူကိုသာ အဆက်အသွယ် ဖြတ်ချင်ဖြတ်မယ်။ ကူးကိုတော့ သူ အဆက်အသွယ်ဖြတ်မှာ မဟုတ်ဘူး။ ကူးကို သိပ်သံယောဇဉ်ရှိတာ။

ဒီခြံမှာ ကျွန်တော်ရယ်၊ ကိုလှရယ် အလုပ်လုပ်တာ ကြာပြီ။ ကူးနဲ့ ခိုင်လင်းရဲ့ ဆက်ဆံရေးကို သိတာပေ့ါ။ အဲဒီအကြောင်း ကျွန်တော်ပြောတယ်လို့ ကိုလှကို မပြောနဲ့ဦးနော်။ ကျွန်တော့်ကို စိတ်ဆိုးလိမ့်မယ်ဗျ။

ကိုလှက ကူးကိုဆိုရင် သူ့သမီးလို့ မှတ်တာ။ ကျွန်တော်ကတော့ ကူးကို ကြောက်တယ်။ ကူးကို မြင်ရင် လန့်ကိုလန့်တာ"

ကိုစိုးနိုင်သည် အတော်ပင် မူးနေလေပြီ။

"အင်း ခိုင်လင်းကိုလည်း ကိုလှ ကွယ်ရာမှာ တားပါသေးတယ်။ ကူးနဲ့ မပတ်သက်ပါနဲ့လို့။ အင်း အင်း၊ ညီလေး ခိုင်လင်းက တားမရဘူး ကိုလေးမောင်။ တားမရဘူး။

ကူးကလေ ဘယ်ယောက်ျားကိုမှ အထင်မကြီးဘူး။ ဘယ်ယောက်ျားကိုမှလည်း မချစ်တတ်ဘူး။ သူ့က တစ်မျိုး။ သူပြုံးရင်လည်း ပြုံးတယ်လို့ မထင်နဲ့။ သူငိုရင်လည်း ငိုတယ်လို့ မမှတ်နဲ့။

သူပြုံးနေတာက သူပျော်နေတာ မဟုတ်ဘူး။ သူငိုနေတာက ဝမ်းနည်းနေတာ မဟုတ်ဘူး။ သူ့ကို ပြုံးတစ်ခါ ငိုတစ်လှည့် တွေ့ရလိမ့်မယ်။ နောက်နေ့မှာ သူ ဘာမှမဖြစ်သလိုပဲ။

သူ့ကို ယောက်ျားတွေနဲ့ ပလူးပလဲနေတာ တွေ့ရလိမ့်မယ်။ ဒီနေ့ တစ်ယောက်၊ ဟော နောက်နေ့တစ်ယောက်။ သူနဲ့ပတ်သက်တဲ့ ယောက်ျားတွေက ရူးလို့ ပတ်သက်ကြတာ။ အဲ ရူးတာဆိုလို့ တကယ်ရူးသွားတဲ့သူ တွေ့ဖူးတယ် ကိုလေး၊ တကယ်ရူးတာ"

ခက်ချေပြီကော။

ယမန်နေ့က ပျက်ခဲ့သော သံသယသည် တစ်ဖန်ပြန်၍ ဖွဲ့တည်လာပြန်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ကူးဆိုတာ ဘယ်လို မိန်းမလဲကွယ်။

မျက်ဝန်းတောက်တောက်၊ နှုတ်ခမ်းပါးပါး၊ ညှိစိမ့်စိမ့်ဖြင့် အေး၍ ညက်နေပုံရှိသော အသားအရည်ကို ပိုင်ဆိုင်ထားသည့်ကူး။

ဆံထုံးမို့မို့တွင် ပန်းပွင့်ဖြူ အသေးကလေး ထိုးစိုက်ပန်ထားသူ၊ အရောင်လွင်သော ခါးတိုအင်္ကျီနှင့် လုံချည်အရောင်ဖျော့ဖျော့ကို တွဲဝတ်ထားပြီး ချိုသော စကားကို ဆွေးဆွေးကလေး ပြောတတ်သူ ကူး။

သူ့စကားပြောဟန်သည် လေပြည်ဖျော့ဖျော့တွင် ဝေ့ဝဲ၍ ငြိမ်ဆင်းသက်လျောပါလာသော ရွက်ဝါလေးကို သူ ကြွေဆင်းရာပင်မြင့်ဆီ တရားကျစွာ ပြန်မော့ကြည့်သည့်နှယ် ရှိ၏။

သူ့အသံတွင် သူ့ဟန်သည် ကပ်လျက်ပါစမြဲ။

သူ ညာနေပါကလားဟု ဝေခွဲမရအောင် ပီရိလှသော အသွင်ဖြစ်၏။

ကူး။

ကျွန်တော်သည် ကူး၏ အမည်နာမအား ထိုနေ့ ထိုရက်မှစ၍ အားကိုးအားထားပြုရာ ဂါထာတစ်ပုဒ်ကို ရွတ်သလိုမျိုး ရူးသွပ်တိုးတိတ်စွာ တစ်ကိုယ်တည်း ရေရွတ်နေမိပါသည်။

❑

(၁)

"ကူးက သိပ်သနားစရာကောင်းတာ ကိုလေးမောင်။ သူ့အိမ်ကို ကိုလေးမောင် ရောက်လာတဲ့အကြောင်း ပြောပြတယ်။

သူ့ကို ကိုလေးမောင်က ညီမလေးလို့ ခေါ်သတဲ့။ သူ့မှာ မောင်နှမ မရှိခဲ့ဘူးလေ။

ခိုင်လင်းအပေါ်မှာလည်း သူ သံယောဇဉ်ရှိတာ ကျွန်တော်ယုံတယ် ကိုလေးမောင်။ ကူးက စိတ်သိပ်နုတာ။

သူ့သံယောဇဉ်ကို သူ့မျက်နှာမှာ တွေ့ရမှာမဟုတ်ဘူး။ စိတ်ထဲမှာတော့ ကောင်းရှာမှာ မဟုတ်ဘူး"

မျက်ဝန်းတောက်တောက်ကလေးကို ကျွန်တော် ပြေးမြင်ပါသည်။

"သူ့အပေါ်မှာ ကျွန်တော် သံသယထားတာ မဟုတ်ဘူး ဦးလှ။ ငလင်းရဲ့ သတင်းကို မေးကြည့်ရုံသာပါပဲ"

ထိုမျှသာ ကျွန်တော် ပြောပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သံသယမရှိဟု ဆိုသော်ငြား ကိုစိုးနိုင်၏ စကားများသာ နားထဲ ပို၍ စွဲ၏။

ငလင်းသည် ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်၏။ ညီအစ်ကို ဝမ်းကွဲဆိုသော်လည်း ကျွန်တော်သည် ပတ်ဝန်းကျင်နှင့် ခပ်တန်းတန်း နေတတ်သော လူစားပီပီ ငလင်းနှင့် သိပ်ပြီး တရင်းတနှီး မနေခဲ့စဖူး။

ပြောဆိုစရာရှိလျှင်သာ မညာတမ်း ပြောခဲ့ဖူးသည်။ ငလင်း၏ စရိုက်နှင့် အမူအကျင့်ကို ကောင်းစွာမသိ။

"ငလင်းက အလည်တွေဘာတွေ သွားတတ်လား ကိုစိုးနိုင်"

"သွားတာပေါ့ ကိုလေးမောင်ရာ၊ တစ်ခါတစ်ခါ မနက်ကတည်းက ပျောက်နေပြီး ညဦးနက်မှ ပြန်လာတတ်တာ"

ဟု ဖြေသည်။

"အဲ ကူးနဲ့သွားတာ များတယ်ဗျ"

သူ၏ နောက်ဆက်တွဲစကားသည် ကူးထံသို့ တစ်ဖန် ထပ်၍ရောက်အောင် တွန်းပို့သည့်စကား ဖြစ်လေသည်။

"ဘားတွေ သွားတတ်သလား"

ကိုစိုးနိုင် မဖြေနိုင်။

ကျွန်တော်သည် နေစောင်းချိန်တွင် ဦးလှကို အဖော်ခေါ်ပြီး ကူး၏အိမ်ဆီ သွားရတော့သည်။

ကျွန်တော်တို့နှစ်ဦးသား ရောက်ချိန်တွင် ကူးသည် အခုမှ ရေချိုးပြီးစ ဖြစ်ဟန်တူ၏။ အခန်းၔ ရနံ့သင်းသင်းကလေး ကြိုင်နေ၏။

သူ့မျက်နှာကလေးသည် ကြည်ပြီး နုနေ၏။ ကျွန်တော့်မျက်နှာချင်းဆိုင် ရှေ့တည့်တည့်တွင် လာထိုင်၏။ ပြီးလျှင်

"ခိုင်လင်းသတင်း ဘာကြားသေးလဲ ကိုလေး၊ အဲ အစ်ကို"ဟု ဆီးကြို မေးသည်။

ဦးလှကို အကြောင်းစုံပြောပြထားသည်မို့ ဦးလှကပင် ငလင်း သွားတတ်သည့်နေရာများကို သိချင်ကြောင်း ဦးဆောင်ပြောသည်။

ကူးသည် ကြည်အေးစွာပင် နားထောင်နေပြီး ကျွန်တော့်ထံ စူးခနဲ ကြည့်၏။

"ဒီနေ့တော့ အချိန်မရှိတော့ဘူး အစ်ကို၊ မနက်ဖြန်မှ သူသွားတတ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နေရာတွေမှာ ကူပြီး ရှာပေးပါ့မယ်”ဟု ပြောသည်။

နောက်တစ်နေ့တွင် ကူးထံသို့ ကျွန်တော်သွားသည်။

ကူး၏အိမ်သည် ရထားသံလမ်း၏ တစ်ဖက်တွင်ရှိပြီး ကျွန်တော်နေသည့် နေရာသည်ကား သံလမ်း၏ သည်ဘက်တွင်ရှိ၏။ လှမ်းမြင်ရသော်ငြား ကားဖြင့် သွား၍ မရ။

ကူး၏ အိမ်ရှေ့သံလမ်းထိပ်သို့ ဝင်ဖို့ရာ ရပ်ကွက်ထဲ ပြန်ပတ်ပြီး မောင်း ရသည်။ သံလမ်း၏ သည်ဘက်ခြမ်းရှိ ခပ်စုတ်စုတ်ဆိုင်ကလေး နံဘေးတွင် ကား ရပ်ပြီး ကူး၏အရိပ်အယောင်ကို ရှာသည်။ ဘေးဆိုင်ရှိ လူများက ကျွန်တော့်အား ကဲကြည့်နေကြသည်။ ကူးအား မမြင်ရသည့်နောက်တွင် သူ့အိမ်ဆီ သွားရ၏။

ကူး၏ခြံထဲတွင် ကိုင်းကျနေသော နှင်းဆီပင်တို့ ရှိသည်။ ရေမလောင်း၊ ပေါင်းမသင် မပြုပြင်၍ ကိုင်းချင်တိုင်းကိုင်းကာ ရိုင်းချင်တိုင်း ရိုင်းနေပုံရသည်။

ရိုးတံပြိုင်းပြိုင်းသည် ပွင့်ဖူးမရှိသည့်တိုင် ကွေး၍ ညွတ်၍ နိမ့်ကျနေသည်။ မာန်လွှားစရာ တံခွန်မရှိ၍ထင်။

ပြီး စံပယ်များ။ ဝေဆာစွာ ပွင့်ဖို့ရာ အားအင်မရှိသကဲ့သို့ ကျစ်၍ ဖူးနေ ရသည်။ အရွက်ရှိသည်ဆိုရုံမျှသာရှိပြီး ပိန်လှီနေသည့် ရိုးတံများသာ အချောင်း လိုက် အစင်းလိုက်ဖြင့် နွမ်းဖတ်ဖတ်နိုင်လှ၏။

ကူးသည် မိန်းမသဘာဝ ပန်းပင် ချစ်တတ်ခြင်းမရှိသော မိန်းကလေး ဖြစ်ဟန်တူသည်။

တံခါးသည် ဖွင့်လျက်သားဖြစ်သည်။ လှေကားထိပ်ရောက်မှ ကျွန်တော် ချောင်းဟန့်၏။

ကူးက ပြတင်းမှ ငဲ့ကြည့်ပြီး လာခဲ့ပါဟု ဆိုသည်။ ဧည့်ခန်းတွင် ထိုင်စောင့် နေလိုက်သည်။

အခန်းလေးထဲတွင် သင်းသင်းကလေး မွှေးနေ၏။ မနေ့ညနေက ရခဲ့ သော ရနံ့ဖြစ်သည်။ ကူးသည် ဆံထုံးမို့မို့လေး ထုံးဖွဲ့ထားပြီး ထိုဆံထုံးတွင် ပန်းဖြူ ပွင့်လေးတစ်ပွင့်ကို ထိုးစိုက်ထား၏။

အပြာနုရောင်အကျႌ ခါးတိုလေး ဝတ်ထား၏။ လုံချည်မှာ ညိုမှိုင်းမှိုင်း လေးဖြစ်ပြီး အကွက်ကလေးနှစ်ကွက်သာပါသော ဆန်းသော အဆင်မျိုးဖြစ်သည်။

“သွားကြစို့ ကိုလေး”ဟု ဆိုသည်။

ကျွန်တော်သည် ယဉ်ယဉ်လေးနှင့် ကြွပ်ဆတ်ဆတ်နိုင်လှသော ကူးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဒေးခနဲ ကြည့်မိ၏။

ပြီး ကျွန်တော့်နာမည်ကို ဘယ်လိုသိပါလိမ့်ဟုမူ မတွေးတော့။ သည်အခေါ်သည် ဦးလှမှတစ်ဆင့် သိရှိခြင်းဖြစ်ကြောင်း သံသယဖြစ်စရာမလို။

ကျွန်တော်၏အငေးကို ကူးက တွေငေးစွာ ကြည့်ပြီး နှုတ်ခမ်းထောင့်စွန်းတစ်ဖက်သာ ကွေးညွတ်ရုံ ပြုံး၏။

ဘယ်လိုကြီးပါလိမ့်။

ကျွန်တော့်ရင်သည် ဖျင်းခနဲ ဖြစ်လာရသည်။ တွေ့ရခဲသည့် အပြုံးမျိုး။ သည်လို ဘာကြောင့်ပြုံးရပါသလဲ။

ကူးသည် ရှေ့မှ ဦးဆောင်သွားသည်။ ကားဆီရောက်တော့ သူ ရပ်နေ၏။ ကျွန်တော်သည် သူ့အား ကားတံခါးဖွင့်မပေးမိ။

သူ့ဘာသာဖွင့်၍ ဝင်လာမှ သတိရမိပြီး ကူးထံ အားနာစွာ ပြန်ကြည့်မိ၏။ ကူးသည်ကား ကျွန်တော့်ထံ မကြည့်တော့။

ကားထဲတွင် သင်းပျံ့သော ရနံ့မြမြကလေးက တမင်မရှူရှိုက်ရပါဘဲ တငွေ့ငွေ့ မွှေးနေလေသည်။

ပထမဆုံး မြို့အစွန်ဘက်သို့ မောင်းရသည်။ ကူးသည် အိမ်ရှေ့တွင် လျှော်ပင်တွေ လှန်းထားသည့် အိမ်စုတ်ကလေးတစ်အိမ်ရှေ့တွင် ကားရပ်ခိုင်း၏။ ငလင်း၏ သူငယ်ချင်းဟု သိရသည်။

"ခိုင်လင်းနဲ့ အဆက်အသွယ်မရှိဘူး"ဟု တိုတိစွာ ဖြေသည်။ လူငယ်၏ အသံသည် တိုပြတ်ပြတ်ဖြစ်ပြီး သူ့မျက်လုံးသည် ကူးအား မကြည်သည့်အကြည့် ဖြစ်၏။ သည့်ထက်ပိုပြောရလျှင် မဆက်ဆံချင်သည့်ဟန် ဖြစ်သည်။

အပြန်တွင် ကူးက "သူက ခိုင်လင်းနဲ့ အရင်းနှီးဆုံးပဲ ကိုလေး"ဟု ပြောသည်။

နေ့လယ်ချိန်ရောက်ပြီမို့ ကူးအား ထမင်းစားဖို့ရာ ပြောသည်။ ကူးက မြစ်ကမ်းနံဘေးရှိ စားသောက်ဆိုင်ကို ညွှန်း၏။

"ခိုင်လင်းက ဒီဆိုင်မှာ အမြဲစားတယ် ကိုလေး။ ဒီဆိုင်ကလွဲရင် တခြားဆိုင်မှာ မစားဘူး။

ကူးကိုလည်း ဒီဆိုင်မှာ ခဏခဏ လိုက်ကျွေးဖူးတယ်။ ကူးက မြင်းခွာရွက်သုပ်တို့လို အသုပ်တွေ ကြိုက်တယ်။ ဒီဆိုင်မှာက အကုန်ရတယ်လေ"

ကူးနှင့်ငလင်း၏ ဆက်နွယ်မှုကို တစ်စွန်းတစ်စ သိလိုက်ရသည်။ ခဏ

mgyoe.com

mgyoe.com SAMPLE BOOK

ကြာသော် အသက်လေးဆယ်ဝန်းကျင်ခန့် လူတစ်ဦးဝင်လာပြီး ကူးကို နှုတ်ဆက်၏။

ကူး၏ အေးငြိမ်းသော မျက်နှာသည် ချက်ချင်းပင် ကြည်ကြည်ကလေး ဖြစ်သွားသည်ကို သတိပြုမိ၏။

ထိုလူအား အတည့်ကြည့်သည်မရှိဘဲ မျက်လွှာကို ပင့်၍လည်းကောင်း၊ တချို့သောနေရာများတွင် အလိုမကျဟန် မျက်စောင်းကလေး ဝင့်၍ နှုတ်ခမ်းအစုံ သည် တွန့်ကာလှုပ်ကာဖြင့်

"ဦးကသာ ကူးကို မေ့တာပါ၊ ကူးကတော့ သတိရပါတယ်"ဟု ဆိုသည်။ ပြီးလျှင် မျက်လွှာကို ပင့်၍ လဲ့သောမျက်လုံးဖြင့် စူးစိုက်စွာကြည့်၏။

နှုတ်ခမ်းသည်ကား မပွင့်မဟပါဘဲ ပြုံးရိပ်ကို ယူထားသည်။

ကူးသည် သူ့နံဘေးတွင် ကျွန်တော်ရှိနေသည်ကို မေ့ထားဟန်ရှိ၏။ လူကြီးသည်လည်း ကျွန်တော့်အား မိတ်ဆက်စကား မဆိုပါ။

လူ့ပတ်ဝန်းကျင်တွင်နေကြပြီး လူမှုရေးမရှိကြသူများဟု ကျွန်တော် မှတ်ချက်ပြုမိ၏။ ထိုလူသည် အရယ်အမောများနှင့် အဓိပ္ပာယ်တစ်မျိုးဆောင်သည့် အကြည့်တို့နှင့် ခဏတာပြောပြီး ပြန်သွားသည်။ မပြန်ခင် ကူး ပခုံးနားသို့ တိုးကပ်ပြီး တစ်ခုခုပြောသွားသည်။

ကူးသည် မျက်စောင်းကလေး စူးခနဲ ပင့်ရင်း လက်ဖဝါးလေးဖြင့် အသာလှမ်းရိုက်သေးသည်။ ပြီး ထိုလူမရှိတော့သည့်အခါ သူ့မျက်နှာသည် အပြုံးအရယ် မရှိပြန်တော့ဘဲ အစောက အမူအရာများ ရုတ်ချည်းကွယ်ပသွားတော့သည်။

အိမ်ပြန်လာသည့်တစ်လျှောက်တွင် ကူးနှင့် ထိုလူ၏ ပလီဟန်၊ ညုတုတုဟန်မျက်လုံးနှင့် အပြုံးများသည် ကျွန်တော့်နှလုံးအိမ်ဝယ် ခဏခဏ လာကလိနေတော့သည်။

ကျွန်တော်သည် ကူးအား သံလမ်းနံဘေးတွင် ချပေးခဲ့ပြီး 'ကျေးဇူးပါ ကူး'ဟု အပေါ်ယံ သွေ့ခြောက်ခြောက်အပြုံးဖြင့်သာ နှုတ်ဆက်မိလေသည်။ ဘာကြောင့်ရယ်မသိပါဘဲ လှိုက်လှဲခြင်းမရှိ။

စိတ်သည် ညစ်ထေးထေး နိုင်လှသည်။

ကူး၏ အမူအရာတချို့ကို တစွန်းတစ မြင်ရပြီး ထိုအမူအရာကို တန့်နှံ့ဖြင့် အခဲမကျေသလို ရွံရှာသလို ဖြစ်နေရလေသည်။

ကားတံခါးကို ပြန်ပိတ်စဉ် အရက်ဆိုင်ကယ်ဆီ ကဲကြည့်မိသေး၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အား ကြည့်နေကြသည်။ ထိုမျက်နှာများထဲတွင် ဦးလှကို တွေ့၏။ ကျွန်တော်နှင့် အကြည့်ဆုံလေမှ သူက ထလာသည်။

ကျွန်တော်ကားပေါ်မှ ပြန်ဆင်းတော့ သူက သူ့နေရာတွင်ပင် ရပ်လျက်သားရှိနေတော့သည်။

"လာ ထိုင် ကိုလေး"ဟု ကပျာကယာပြောပြီး ခုံတစ်လုံး ဆွဲယူပေး၏။ ဆိုင်ရှင်ဖြစ်ဟန်တူသော အမျိုးသမီးက "ကိုလှနဲ့ သိသလား၊ ကိုလှတို့များ ကူးရဲ့ အဆက်အသွယ်မှန်သမျှနဲ့ သိနေတော့တာပဲ၊ သူဌေးတွေနဲ့ သိပြီး အလုပ်ကလေး ဘာလေး ရှာခိုင်းပါလား၊ ဆရာရေ သူ့ကို အလုပ်လေး သွင်းပေးပါဦး"ဟု ရယ်ရယ် မောမော ပြောသည်။

ကျွန်တော့်စိတ်သည် တင်းခနဲ ဖြစ်သွားရ၏။

စားသောက်ဆိုင်တွင် ကူးနှင့် တရင်းတနှီးပြောနေသော လူ၏ မျက်နှာကို ပြေးမြင်သည်။

ကူးဟာ ဒီလိုမိန်းမမျိုးပဲလား။ ငွေရှိသူ တဲချို့နဲ့ သိပ်ရင်းနှီးသလားဟု တွေးဖြစ်၏။

အရယ်အမော အပြုံးလွင်လွင်၊ ကပိုကရို မျက်စမျက်နဖြင့် ပေါင်းသင်း တတ်တာပဲလား။ ကျွန်တော့်အပေါ် တော့ဖြင့် ဘာကြောင့် တည်ကြည်ဟန်ဆောင် ရပါသနည်း။

❑

(၇)

"မနေ့က ခင်ဗျားနဲ့ ကူး အတူတူလာတော့ ကူးရဲ့မိတ်ဖော်ပဲ ထင်မိတာဗျ၊ သူ့ဘာသာ နေသားကျနေတဲ့ ခိုင်လင်းကို ကူးနဲ့ ပြန်ပြီး မပတ်သက်စေချင်ဘူး။

ကျုပ်က ခိုင်လင်းကို လက်သီးနဲ့ မထိုးရုံတမယ် ပိုးစိုးပက်စက်ပြောတာ။ ဒီကောင် နာတတ်ရင်လည်း သေလို့ရတယ်။

အခုက သူက ကျုပ်ပြောတိုင်း ပြုံးနေတတ်တော့ ကျုပ်မှာ ဘာဆက် လုပ်ရမှန်း မသိဘူး"

ဟိန်းမိုးဟု အမည်ရသော လူငယ်သည် သူ့လက်ထဲရှိ စီးကရက်ကို မသောက်ဖြစ်သေး။

"ကူးက စုန်းမပဲ။ ဘယ်လိုတွေ ပြုစားထားလဲ မသိဘူး။ အင်း ကူးလို မိန်းမတစ်ယောက်က တမင်ပြုစားစရာလည်း မလိုပါဘူးလေ။

mgyoe.com

ရုပ်ရှိတယ်။ မက်လောက်စရာ ခန္ဓာကိုယ်အချိုးအဆစ်နဲ့ မွေးရာပါ မျက်လုံးညှို့အား ရှိတယ်။ မူယာမာယာလေးလည်း လုပ်တတ်တော့ ဘယ်သူခံနိုင်မလဲ။

ကူးရဲ့ အဲဒီမူယာမာယာ ပလီပလာတွေထဲ ချွေးကောင် အဲ ကန်တော့ဗျာ၊ ခိုင်လင်းက မျောသွားတာနေမှာ"

"ဒါဆို ခိုင်လင်းရှိတဲ့နေရာကို သိလား ညီ"

"အင်း၊ ညဘက်နှစ်ရက်ခြား တစ်ခါလောက်တော့ ကျုပ်ဆီ လာတယ်ဗျ၊ သူ အခုလိုနေတာကို ကျုပ်က မကြိုက်ဘူး။

ခိုင်လင်းတို့ ခင်ဗျားတို့က ငွေကြေးပြည့်စုံတော့ အချိန်ဆိုတာ အင်မတန်ဖြုန်းလို့ ကောင်းနေတာကိုး။

ရန်ကုန်ပြန်ပါလားဆိုတော့ ဒီကောင်မပြန်ဘူး။ ကူးရှိတဲ့ ဒီမြို့ကနေ ဘယ်ကိုမှ ထွက်မသွားချင်ဘူးတဲ့ဗျ။ လက်ရှိ ရှိတဲ့အလုပ်ကို ဖိဖိစီးစီး ပြန်လုပ်ပါလားဆိုတော့လည်း မလုပ်ဘူး။

ကူးနဲ့ ပြန်တွေ့ရမှာ စိုးသတဲ့ဗျာ။ သူ့ရောဂါက ကဗျာရူး စာရူးရောဂါမျိုး၊ ရအောင်ယူပါလားဆိုတော့ မယူနိုင်ဘူး၊ မေ့ပါလားဆိုတော့လည်း မမေ့နိုင်ဘူး။

ဒီကောင် မူးလာတိုင်း ကျုပ်တော့ ဆဲတာပါပဲ၊ ကူးက ကျုပ်သိရသလောက်တော့ ခိုင်လင်းကို မချစ်ဘူးလို့ ယူဆရတာပဲ။

ကူးက ဘယ်သူ့ကိုမှ ချစ်မယ့်မိန်းမမျိုး မဟုတ်ဘူး။ သူက ပင့်ကူလို မိန်းမပဲ"

- "ပင့်ကူ"

"ဟုတ်တယ်၊ ပင့်ကူပဲ။ သူ့လှောင်အိမ်ထဲ လူးလွန့်ရုန်းကန်နေတာကို တစိမ့်စိမ့် ထိုင်ကြည့်ချင်တာမျိုး"

ဟိန်းမိုးသည် စီးကရက်ဘူးကို ကျွန်တော့်ထံ ကမ်းပေးသည်။

ဆေးလိပ်ငွေ့တို့တွင် ကူးကို ကျွန်တော်မြင်နေသည်။ မကြာခဏ ရှိုက်၍ လွင့်ထုတ်နေမိသည်။ ညဥ့်နက်သော် ခေါင်းသည် အတန်ငယ် ကိုက်ခဲလာ၏။

ကူး။

ကူးကို ကျွန်တော် မှန်းဆနေသည်။

ဘယ်လို မိန်းမမျိုးလဲ။

စားသောက်ဆိုင်မှ လူကြီး၏ အဆီဝေ့သော ကျားရဲတစ်ကောင်၏ မျက်နှာရှေ့တွင် မပြေးနိုင်သော၊ မပြေးချင်သော ယုန်သူငယ်၏ မျက်လုံးမျိုးဖြင့် ငေးကာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝိုက်ကာ ကျီစယ်ပွတ်သပ်နေသော ကူး။

အမိခံ၍ ပြန်ထောင်သော ထောင်ချောက်မျိုးပဲလား။ ကူးက သားကောင်လား၊ မုဆိုးလား။

မုဆိုးဆိုလျှင် ကျားရဲ၏ လက်ဖဝါးပေါ် လည်ကိုစင်းပေးကာ လေးညှို့တင်နေသော မိုက်မဲလွန်းသည့် မုဆိုးမျိုးသာ ဖြစ်ပေလိမ့်မည်။

မင်းမို့ ကူးရယ်။

မင်းရဲ့ ကွယ်ဝှက်တတ်တဲ့ ပရိယာယ်ဇာလည်း ကြောက်ခမန်းလိလိပါလားကွယ်။

"ဒီညတော့ ဒီကောင် မလာတော့ဘူးထင်တယ်၊ သူလာရင် ခင်ဗျားလာတဲ့အကြောင်း ပြောပြလိုက်ပါ့မယ်၊ သူ့ကိုလည်း နားချပါ့မယ်"ဟု သူက ဆိုသည်။

အချိန်ပေးတဲ့အတွက် အားနာကြောင်း၊ ကျေးဇူးတင်ကြောင်းဆိုပြီး ပြန်လာခဲ့တော့သည်။

ခြံထဲပြန်ရောက်တော့ အိပ်မပျော်နိုင်။ ဝရန်တာဘက်ထွက်၍ ကူး၏ အိမ်သို့ မျှော်ကြည့်မိသည်။

မီးလင်းနေသေး၏။

တွေ့သမျှ လူအတော်များများ၏ နှုတ်ဖျားဝယ် ကဝေတစ်ကောင်လို ပြစ်တင်ရသော နာမည်ဆိုး အတပ်ခံထားရသော ကူး။

အမိအဖ မရှိ၊ လင်သား မရှိ။ ခပ်စုတ်စုတ် သည်လိုပတ်ဝန်းကျင်ဝယ် ကူးသည် တစ်ကိုယ်တည်း နေနေသည်။

မစပ်စုလိုသော်ငြား သိလိုစိတ်သည် ပြင်းပြင်းပြပြ ဖြစ်လာရသည်။

သို့သော် ကူးဟူသော မိန်းမသည် အသိအကျွမ်း ဖြစ်ချင်စရာကောင်းသော မိန်းမမျိုး မဟုတ်။

နူးညံ့၍ ပလီတတ်သော ဟန်၊ ပြီးလျှင် သူမဟုတ်လေသော ဟန်တို့သည် ညဥ့်ကာလအခါဝယ် အတွေးအိမ်သို့ ကဆုန်စိုင်း၍ ဝင်လာသည်။

ကူးဟာ အပေါင်းအသင်းဖြစ်ဖို့တောင် မသင့်တော်တဲ့ မိန်းမမျိုးပဲပေါ့။

ကျွန်တော်သည် ကူးနှင့် နောက်ထပ်မတွေ့အောင် နေဖို့သာ ဆုံးဖြတ်မိ၏။ ကူး၏ဟန်တွေကို ကျွန်တော် ရွံ့သည်။

ညဥ့်သည် နက်သထက်နက်ခဲ့ပြီ။

ကူးသည် ကျွန်တော့်အား အိပ်၍မပျော်အောင် အတွေးဆန့်စေသော

mgyoe.com SAMPLE BOOK


မိန်းကလေးဖြစ်လာသည်။ တွေးရင်းပင် ဒေါသစိတ်သည် တလိပ်လိပ် တက်လာ၏။

ကူးအကြောင်း မတွေးမိအောင် ထိန်းသည်။

ထိန်းသည့်စိတ်သည်ကား ချည့်တိုင်မဲ့သော နွားရိုင်းလို ပေါက်ခုန်၍ ဆိုးသထက် ဆိုးလာလေသည်။

ကူးက တကယ်ပဲ ပြုစားတတ်လေသလား။

အရည်လဲ့နေသော မျက်ဝန်းတောက်တောက်ကလေးသည် အခန်းမျက်နှာကျက်ရှိ မီးပွင့်ထက်ပင် ပို၍လင်းပလာသည်။

အလင်းကိုချည်း ထပ်တလဲလဲ မြင်ရသည့်အခါ အခြား ဘာကိုမှ မမြင်တော့။

မျက်ဝန်းကလေး ကစားတတ်၏။

ဟန်ဆောင်တတ်ပါ၏။

ဝေခွဲရခက်သော မဲ့စစ နှုတ်ခမ်းအစုံလေး။

ညမှသည် မနက်ဘက်သို့ ရွေ့ပြီး လင်းစင်၍ လာချေပြီကော။ မြ

သို့တိုင် ကျွန်တော် မအိပ်ရသေး။ ကူးနှင့် ထပ်မတွေ့ချင်တော့။ သူ ဈေးသွားတတ်သလား။

သူ ဒီလမ်းဘက်ကို မလာပါစေနဲ့။ ရပ်ကွက်ဈေးဘက်ကို သည်ခြံဘက်မှ ကွေ့လာလျှင် နီးသော်ငြား ကားအသွားအလာရှိသည့် သူ့လမ်းထိပ်ဘက်မှ ကွေ့သွားပါစေ။

ရထားသံကြားရပြီ။

ရထားသည် သူ့ကို ဟန့်တားပါစေ။ သံလမ်းအတိုင်း လျှောက်လှမ်းမလာပါစေနဲ့။ အမျိုးသမီးများစွာ လမ်းဘေးတစ်လျှောက် လှမ်းလာကြပြီ။ ဈေးကို လာကြပြီ။ သူ မလာသေး။

သူ မနိုးသေးဘူး ထင်ရဲ့။

ညက မီးလင်းနေတာပဲ။

သူသည် ညဉ့်နက်မှ အိပ်တတ်ဟန်တူသည်။ အိပ်တာရော ဟုတ်ပါရဲ့လား။ သူ့မိတ်ဖော်လူကြီးတွေများ လာခေါ်သွားလေရော့သလား။ ညက ကားသံမကြားရပါဘူး။

မဟုတ်သေးဘူး။ ကြားလိုက်တယ်ထင်ရဲ့။ ညက သူ့လမ်းထိပ်ဘက်က

mgyoe.com

mgyoe.com SAMPLE BOOK

ကားသံ ကြားရတယ်ထင်ရဲ့။

ဟော။

ဆံထုံးမို့မို့ အဖြူစစ်စစ် အင်္ကျီခါးတိုလေးနှင့် အပြာနုရောင် လုံချည်လေး ဝတ်ပြီး ကဝေတစ်ကောင် လှမ်းလာချေပြီ။ ကျွန်တော်သည် နာမည်ဆိုးဖြင့် မွေးမြနေသည့် လမ်းဘေးက ပန်းဖြူတစ်ပွင့်ကို အမြင်ကတ်လှစွာ အငေးကြီးငေးလျက် ရင်ထဲမောရ၍ လာလေတော့သည်။

ကူးသည် ကျွန်တော့်အား ပြုစားနေခြင်း မဟုတ်တန်ရာ။

ငလင်းကိုတော့ သူပြုစားခဲ့တာ ဖြစ်လိမ့်မည်။

ကျွန်တော်သည် ကူးကို မမြင်တွေ့လို။

"ဦးလှ"ဟု သူခေါ်သည်။

ဦးလှသည် ရေပိုက်များပုံနေရာမှ "သမီး၊ လာလေ ကူး"ဟု ခေါ်သည်။ ယခင်က သွားလာနေကျ ဖြစ်ဟန်တူသည်။

ယခုမူ ခြံသည် ကျွန်တော့်အောက်၌ ရှိသည်ကို သိဖို့ကောင်း၏။ အရေးမစိုက်ခြင်းပဲလား။

ကူးသည် ကျွန်တော့်အား ဂရုမစိုက်သည်မှာ နှစ်ကြိမ်ရှိပြီကော။

ဦးလှသည် အိမ်ပေါ် တက်လာပြီး ကူးကို ခြံထဲပေးဝင်နိုင်မလားဟု ခွင့်တောင်း၏။ ပြီးလျှင် ပြန်ဆင်းသွားသည်။

"လာလို့ ဖြစ်ပါ့မလား ဦးလှ"

"ဖြစ်ပါတယ်၊ ဦးခွင့်တောင်းပြီးပြီ၊ ကိုလေးမောင်က ခွင့်ပြုပါတယ်။ သူက ခင်တတ် ပေါင်းတတ်ပါတယ်"ဟု ဆိုသည်။

ကျွန်တော်သည် တအံ့တသြကြီး ဖြစ်ရလေသည်။

ခွင့်ပြုသည်ဟု ကြားရသည်။

ကျွန်တော် နှုတ်စကားဖြင့် ခွင့်ပြုလိုက်မိလေသလား။ အမူအရာဖြင့် ခေါင်းညိတ်ပြပြီး ခွင့်ပြုမိလိုက်လေသလား မသိလိုက်။

ကူးသည် ကျွန်တော့်အား ပြုစားနေတာ သေချာပါပြီ။

❑

(ဃ)

ယမန်နေ့များဆီက အတွေးကို ပြန်တွေးလျှင် ကျွန်တော် ရှက်ပါသည်။

ကျွန်တော်သည် ခေတ်ပညာလည်း တတ်၏။ သာမန်လူအများနှင့်လည်း

mgyoe.com

 mgyoe.com SAMPLE BOOK 

တန်းတူတွေးခေါ်နိုင်စွမ်းရှိ၏။ ပညာတတ်သော လူတန်းစားများကြားမှ ပေါက်ဖွား လာသူ ဖြစ်၏။

လူ့စကားများစွာကို အမှားအမှန် ခွဲခြားသိမြင်ရန် သင့်၏။ ကူးနှင့်ပတ် သက်သည့် တစ်ဖက်သတ် သတင်းအတင်းအများကို စိတ်ဖြာခွဲခြမ်းရန် သင့်သော် ငြား ကျွန်တော့်နားသည် စကားလှိုင်း၏ အပုတ်အခတ်တွင် လွန့်လူးလိုက်ပါခဲ့၏။

ကူးသည် ကဝေမဟုတ်။

ကြည့်စမ်းပါကွယ်။

သစ်ခွပန်းလေး ပန်ထားတဲ့ ဆံထုံးမို့ကလေးနဲ့ ယဉ်နေရဲ့။ ညိုမှိုင်းပြီး ရွှန်းရွှန်းစိုစို မျက်လုံးလေးက အတွင်းမနော‌ရဲ့ ငြိမ်းအေးမှုကို ပြနေလေရဲ့။

စကားပြောရင်း အလိုမကျတဲ့အခါ မျက်လုံးကလေးဝေ့ပြီး ကလေးတစ် ယောက်လို မျက်စောင်းလေးလည်း ထိုးတတ်သေးရဲ့လေ။

အေးသည်၊ ငြိမ်းသည်။ အပြစ်ကင်းလှပေသည်။ သူနှင့် စကားပြောနေ ရလျှင် ကျွန်တော့်စိတ်သည် ကြည်၍ မြူးနေတတ်သည်။

ကိုစိုးနိုင်၏ရှေ့တွင်တော့ ကျွန်တော့်စိတ်က တစ်မျိုးဖြစ်နေတတ်သည်။ သူနှင့်ကျွန်တော်သည် သိပ်ပြီးအစေးမကပ်လှ။

သူ့အကြည့်သည် အမိပ္ပာယ်တစ်ခုခုဆောင်သည်ဟု ခံစားရသည်။ သူ ပြုံးလျှင် ရံဖန်ရံခါ မဲ့စစနိုင်သည်ဟု ထင်သည်။

အခြားအချိန်များတွင်တော့ သာမန်ဖြစ်သည်။ ကူးရောက်လာခဲ့လျှင် သူ့အမူအရာ ပြောင်းသွားလေသည်။ ကူးသည်ကား ကျွန်တော့်ခြံသို့ မကြာခဏ လာနေတော့သည်။

“ကိုလေးက သူများတွေနဲ့ သိပ်မတူဘူး။ အမြဲတမ်း တည်နေတာပဲ။ အခုလည်း တည်နေတာပဲ။

ကိုလေးမျက်နှာက ကျောက်ပြင်လိုပဲ မာရေကျောရေ သိပ်နိုင်တယ်။ ကိုလေးနဲ့ တွေ့စတုန်းက ကူးစိတ်ထဲ ရှိန်နေတာ။

ပွင့်ပွင့်လင်းလင်းပြောရရင် ကြောက်နေတာ။ အဲဒါ ထူးဆန်းတယ်။

ဟုတ်တယ်၊ ကူးက ဘယ်သူ့ကိုမှ မကြောက်ဘူးနော။ ဒါပေမဲ့ ကိုလေးကို တော့ ကြောက်မိတာပဲ”

ကျောက်ပြင်လို မာရေကျောရေနိုင်သတဲ့။ ကျွန်တော်သည် သူ့စကား ကြောင့် ရယ်မိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကြည့်ပါလား၊ အခုရယ်တာတောင် မပွင့်တပွင့်နဲ့ တွေ့လား။ ရယ်မှဖြင့် ရယ်ပါတော့လား။

အဲဒီ ဟန်ဆောင်တဲ့ ပုံစံတွေက ကြောက်ဖို့ကောင်းနေတာ။ ပွင့်လင်းတဲ့လူက ရယ်လိုက်ရင် အသံအကျယ်ကြီးပဲ၊ ငိုစရာရှိရင် ငိုချပစ်တာပဲ။

ကိုလေးက ရယ်ရင်လည်း ထိမ်ချန်ပြီး ရယ်တယ်။ ငိုရင်လည်း အသံတိတ်ငိုမယ်ထင်ရဲ့။ အဲဒါက ရင့်ကျက်တာလား၊ ဟန်ဆောင်တာလား ကိုလေး. . ဟင်"

"ရင့်ကျက်တာလည်း မဟုတ်ဘူး။ ထိမ်ချန်ပြီး ရယ်တာလည်း မဟုတ်ဘူး။ ဒါက ကိုလေးရဲ့ ဗီဇပဲ။

ရင့်ကျက်လို့ ထိမ်ချန်တာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ရင့်ကျက်လို့ ထိန်ချန်ထားလည်း ဖြစ်နိုင်တာပဲ။ ကိုလေးငယ်ငယ်က အရယ်သန်တယ်။ အငိုလွယ်တယ်"

"အခုကျတော့ ဘာလို့မရယ်သလဲ"

"ထိန်းတတ်လာတာ ထင်ပါရဲ့လေ"

"ရင့်ကျက်တာနဲ့ ဟန်ဆောင်တာက ဘာကွာသလဲ"

"ဟန်ဆောင်တယ်ဆိုတာ မျိုသိပ်ထားရတာမျိုးဖြစ်ပြီးတော့ ရင့်ကျက်တာကတော့ စိတ်ခံစားချက်ကို ဥပေက္ခာပြုနိုင်၊ လျစ်လျူရှုနိုင်တာပဲ ထင်ရဲ့"

"ကိုလေးက ဥပေက္ခာပြုနိုင်သူကြီးပေါ့"

သည်စကားကို ကူးက တွေတွေလေး ပြော၏။

"အင်း ကိုလေးက ရင့်ကျက်ဖို့ ကြိုးစားနေတာ ဖြစ်နိုင်တယ်"

ကူးက သဘောတကျ ပြုံး၏။

"မဟုတ်ဘူး၊ ကိုလေးက တကယ်ရင့်ကျက်တာနေမှာ၊ ကူးတွေ့ဖူးသမျှယောကျ်ားတွေနဲ့ မတူဘူး"

"ဘယ်လိုယောကျ်ားမျိုးတွေနဲ့ မတူတာလဲ"

ကူး၏ နှုတ်ခမ်းတစ်ဖက်သည် အထက်သို့ အသာအယာ မြင့်တွန့်သွားသည်။

"လောကမှာ ယောကျ်ားနဲ့မိန်းမ နှစ်မျိုးပဲရှိတယ်ဆိုတဲ့ လူစားမျိုးတွေနဲ့ ကွာတာ။ ဒီလိုလူတွေ သိပ်များတယ် ကိုလေးရဲ့။

ကူးက အဲဒီလို လူတွေကို ရွံတယ်။ ပြီးတော့ အင်း သူတို့ကပဲ ကူးကို ပြန်ရွံသွားကြသတဲ့"

mgyoe.com

mgyoe.com SAMPLE BOOK


"နားမလည်ဘူး ကူး"

ကူး၏ နှုတ်ခမ်းထောင့်စွန်းသည် ပြေလျော့ကျလာပြီး မျက်လုံးမှိုင်းကြီး ဖြင့် စူး၍ ကြည့်၏။ ပြီးလျှင် တစ်ဖက်သို့ လှည့်သွား၏။

"တစ်နေ့တော့ ကိုလေးသည် ကူးကို ရွံသွားမှာပါပဲလေ"ဟု တိမ်ငုပ်သော အသက်ရှူသံတမျှသာသာ လေသံဖြင့် ဆို၏။

ကူး၏မျက်နှာသည် ကြည်လဲ့နေရာမှ ညှို့မှိုင်းလာသည်။ ပြီးလျှင် တိမ်စင်သော လကဲ့သို့ ချက်ချင်းပင် ဝင်းပလာပြန်သည်။

"ဘာကြောင့်လဲ"

ကူးသည် မဖြေ။

ဦးလှသည် ကျွန်တော်တို့နှစ်ဦးထံ ကဲကြည့်ပြီး နောက်ဘက်သို့ ပြန်ဝင်သွားသည်။

"ကိုလေး တစ်နေ့တော့ သိလာမှာပေါ့"

ဒါပဲ ဖြေသည်။

သို့သော် ကျွန်တော် ရက်ကြာကြာ မစောင့်ရ။

ကိုစိုးနိုင်ထံ ကပ်မေး၏။

ကိုစိုးနိုင်သည် အစက အင်တင်တင်လုပ်နေသေး၏။ နှစ်ရက်မြောက်ည တွင် သူနှင့် အရက်ဝိုင်းဖွဲ့ပြီး မသိမသာ ကွေ့ပတ်မေးမှ ဖြေသည်။

"ကျွန်တော်က မပြောချင်ဘူး ကိုလေးမောင်။ ဒါပေမဲ့ ပြောသင့်တယ် ထင်တာပဲ။ ကိုလေးမောင်ကို ကူးနဲ့ တတွဲတွဲလုပ်နေတာ မြင်ရင် ကျုပ်စိတ်ထဲ ယားတယ်ဗျ။ ကူးရဲ့ ကိုလေးမောင်က မဖြစ်သင့်ဘူးဗျာ။ ဒါက ကိုလေးမောင်ကို ခင်လို့ပြောတာ။ အင်း၊ ကူးဟာ ဘယ်လိုမိန်းမလဲဆိုတာ သိချင်ရင် ညဘက် သူ့ အိမ်အနီးမှာ သွားစောင့်ကြည့်ပေါ့ဗျာ"ဟု ဆိုသည်။

ကျွန်တော်သည် ကိုစိုးနိုင်အား ထားခဲ့ပြီး ချက်ချင်းပင် ထွက်လာခဲ့တော့ သည်။

သည်တစ်ခါတွင်မူ ဘေးစကားကို ကျွန်တော် အယုံအကြည်မရှိတော့ ဘဲ မျက်စိဖြင့် တပ်အပ်သေချာ မြင်ချင်၏။ အရက်ဆိုင်သို့ မရောက်ခင် ဆိုင်အနီး တွင် ကားတစ်စီးမြင်သည်မို့ ကျွန်တော့်ကားကို ရပ်ထားလိုက်၏။ စားသောက် ဆိုင်တွင် တွေ့ခဲ့ရသော လူကို ပြန်မြင်ယောင်မိ၏။ သူနှင့် ကူးသည် အချိတ်အဆက် တစ်ခုခု ရှိမည်ဟူသော အတွေးသံသယမှသည် ခိုင်မာသော အတွေးဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စောင့်ရသည်မှာ ကြာပြီ။

ဒေါသသည် တရိပ်ရိပ်မြင့်လာသလို တစ်ယောက်တည်း ဒေါသထွက်နေရသည်။

ကူး။

ကူးက ဘယ်လို မိန်းကလေးမျိုးလဲ။

ကားမှန်တံခါးကို လာခေါက်သည်မို့ ငုံ့ကြည့်မိ၏။

တံခါးကို ကပျာကယာ ဖွင့်ပေးလိုက်မိ၏။

ကူးသည် ကျွန်တော့်ကားထဲ ဝင်ထိုင်ပြီး ဦးခေါင်းကို နောက်သို့ လှန်ချလိုက်သည်ကို မြင်ရ၏။ သူ့မျက်လုံးအစုံကို မှိတ်ထားမည်ဟု ထင်သည်။

"ကူး သိပ်မောနေတယ် ကိုလေး"

ဒေါသဒီရေသည် ငြိမ်၍ သက်လျှောရလေပြီ။

သူ ဘာမှမပြောခင်ပင် ကားကို လှည့်လိုက်မိ၏။

လမ်းမီးရောင်တွေ အထီးကျန်စွာ လင်းနေသည်။

ရပ်ကွက်လမ်းတို့သည် လူခြေတိတ်လှ၏။

နံဘေးတွင် ကူးသည် ခေါင်းကို မှီထားလျက် ရှိသေး၏။ မီးဖွင့်လိုက်သည်ကိုပင် ကူး သိပုံမပေါ်။

တစ်ချက်တစ်ချက်တွင် သူ့မျက်နှာဆီ လှည့်ကြည့်ဖြစ်သေး၏။

ဆံထုံးမို့မို့သည် ပြေလျော့လျော့ရှိနေသည်။ သတိထားမိနေကျ ပန်းပွင့်ဖြူလည်း မမြင်။ ညိုနုနုမျက်နှာသည် မှိုင်းရင့်နေသည်ဟု ထင်သည်။

မြစ်ကမ်းနံဘေးရှိ ပန်းခြံအနီးတွင် ကားကို ရပ်လိုက်သည်။ ကားတံခါးကို ဖွင့်စဉ် မြစ်ပြင်ဆီမှ ရှုပ်၍ ဝေ့လာသော လေပြည်သည် တံခါးဝဆီ စုပြုံတိုးဝှေ့လာသည်။

ကူးသည် မျက်လွှာပွင့်မလာသေး။ အသက်ရှူသံသည် တိုးဝှေ့လာသည့် လေပြည်အောက်ဝယ် ပျောက်ကွယ်လျက် အသက်မဲ့နေသည့်အလား။ ကျွန်တော်သည် အလင်းရောင်ဖျော့ဖျော့အောက်ရှိ ကူး၏မျက်နှာဆီ အငေးကြီး ငေးနေမိပါသည်။

ကူး၏အနီးသို့ ကပ်၍ ဆံထုံးမို့မို့ကို ညင်သာဖွဖွ နမ်းချင်သည်။ နဖူးပေါ် ဝေ့ဝဲကျနေသည့် ဆံနွယ်စတချို့ကို သပ်ဖယ်ပေးချင်သည်။

"ကိုလေး"

mgyoe.com

mgyoe.com SAMPLE BOOK


စကားသံနှင့်အတူ ကူး၏ မျက်တောင်ကော့တို့ ပင့်တက်လာကာ ကျွန်တော့်ထံ စောင်းငဲ့ကြည့်၏။

"ဒီအချိန်ရောက်မှ ကူးဆီကို ဘာလို့လာတာလဲ"

ချောင်းမြောင်းစောင့်ကြည့်သူထံသို့ တစ်ဖန် ပြန်၍ ချောင်းမြောင်းခြင်းခံရသည့်နှယ် ကူး၏ အမေးအတွက် အဖြေမရှိ။

ကျွန်တော် ဘာကြောင့်များ ကူးအကြောင်း သိချင်ရပါလိမ့်။

လူ့သဘာဝအရ ထူးဆန်းသောအရာကို စိတ်ဝင်စား၍ ဖြစ်နိုင်၏။ ကူးသည်ကား ကျွန်တော့်အတွက် ဆန်းနေပေသည်။

သို့သော် ဖြေဖို့ရာ အကြောင်းရှာမရ။

"ကူးကရော ဒီအချိန်ကြီး ဘာလို့ အပြင်မှာ ရှိနေတာလဲ"

"ကူးက ကူးအလုပ်ကူးလုပ်တာလေ"

ကျွန်တော့်မျက်နှာဆီ မျက်တောင်မခတ်ဘဲ အသေအချာကြည့်နေပါသည်။

"ဘာအလုပ်လုပ်တာလဲ"

"ဦးလှကမပြောဘူးလား။ အင်း ဦးလှက ကူးအကြောင်း ပြောမယ်မထင်ပါဘူး။

ဦးလှနဲ့ ကူးက ရေစက်ပဲ။ ကူးကို သူ့သမီးလို ချစ်တာ။ ကူးအပေါ်မှာထားတဲ့ ဦးလှရဲ့မေတ္တာက မျက်ကန်းမေတ္တာမျိုး၊ သိပ်ကို ဖြူတာပါပဲ။ အရောင်အဆင်း၊ အပြစ်အနာအဆာကို မမြင်ဘဲ အဖြူသက်သက်ထားတဲ့ မေတ္တာပဲ။ ဒီမေတ္တာမျိုးက တစ်ခါတစ်ရံမှာ သိပ်ကြည်နူးဖို့ ကောင်းပေမယ့် အားကိုးအားထားပြုစရာ မေတ္တာမျိုးမဟုတ်ဘူး ကိုလေး"

"ကူး ဘာကိုဆိုလိုတာလဲ"

"ကူး ဘာလုပ်လုပ် အပြစ်မမြင်တတ်တဲ့ မေတ္တာမျိုးလေ"

"ကူးက ဘာလုပ်နေလို့လဲ"

ကူးသည် ကျွန်တော့်ထံ မကြည့်တော့ဘဲ တစ်ဖက်သို့ လှွဲသွား၏။ တော်ရုံနှင့် စကားမဆို။

ပြီးမှပင် တစ်ခွန်းတည်း ပွင့်ထွက်လာ၏။

ကူး၏ ထိုတစ်ခွန်းတည်းသော စကားသည်ကား ကြီးမားလှသော လှံသွားကဲ့သို့ ကျွန်တော့်အကြားအာရုံကို ထိုးခွဲသွားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကူးက အပျော်မယားလေ ကိုလေးရဲ့ မိန်းမပျက်ပေါ့"

❑

(၄)

သစ်ခွတွေ ပွင့်ကြပြီ။

ပန်းကို ယခင်က လူ၏ စိတ်ညွတ်နူးရာအဖြစ် မြင်သည်။ သည်ကာလများတွင် ကျွန်တော်သည် ထိုထိုသောပန်းများကို ကြွေမွှအောင် ချိုးဖဲ့ပစ်ချင်သည်။

ပြီးလျှင် ကူး။

ကူးကိုလည်း ကျွန်တော် စိတ်လိုလက်ရ ရိုက်နှက်ပစ်ချင်၏။ မိန်းမတစ်ယောက်၏ တန်ဖိုးကို သူကိုယ်တိုင်ခင်း၍ နင်းချင်တိုင်း နင်းခွင့်ပေးသည့် မိန်းမပျက်မဟု ဆဲချင်၏။

"ကူးကို တစ်ခါတစ်ခါတော့ သနားသလိုလို၊ နှမြောသလိုလို ရှိသား ကိုလေးရ၊ ဒါပေမဲ့ နေ့တိုင်း ပြောဆိုမြင်နေကျတော့ ကူးကို ကျွန်တော်ကြောက်တယ်။

သူပြုံးတာတွေ၊ သူရယ်တာတွေ၊ သူ့စိတ်တွေက စိတ္တဇဆန်သလိုပဲ။ တစ်ခါတစ်ခါ ကူးမှာ နှလုံးသားမှ ရှိရဲ့လားလို့ တွေးမိတယ်။ တစ်ခါတစ်ခါ ကူးပြောတဲ့ စကားတွေက ဘာမှခံစားချက်မရှိဘူး။ ညာတာစိတ်၊ သနားစိတ်လည်း မရှိဘူး။ သူ့သိက္ခာလည်း သူမငဲ့ဘူး။ သူ့သိက္ခာတင် မဟုတ်ပါဘူး။ သူက ဘယ်သူ့ကိုမှ ငဲ့တာမဟုတ်ဘူး"

ဒီမိန်းမက ဘယ်သူ့ကိုမှ မငဲ့ဘူးတဲ့။

ကူးဟာ အပျက်မပဲ။

သည့်ထက်ပိုရလျှင် လေပြည်အေးအေးထဲ မားသွားထည့်ပြီး ထက်ရှစေသူပဲ။

"ကူးပုံစံက ဘာကိုမှ အလေးအနက်မထားတဲ့ပုံပဲ"

ကျွန်တော်သည် ကိုစိုးနိုင်အား တော်ပါတော့ဗျာ။ သူ့အကြောင်းကြားရင် ဘာကို ဒေါသထွက်မှန်း မသိဘူးဟု တားမိပါတော့သည်။ ကူးက နေမင်းကြီးလိုပဲ ဆိုသည့် ကူး၏စကားကို ကျွန်တော် ပြန်ကြားယောင်မိသည်။ သူ့နေရာ၌ သူ့ဘာသာ နေသူကိုမှ စိတ်မျက်လုံးအစုံဖြင့် ခဏခဏမော့ကြည့်ရင်း ပူလှချည်ရဲ့၊ မျက်လုံးတွေ စူးလှချည်ရဲ့ဟု ညည်းတွားသူသည် ကျွန်တော် ဖြစ်နေလေပြီ။

ကျွန်တော်သည် မျက်လုံးအစုံကို မှိတ်ပစ်လိုက်ကာ ကူးဟူသော အမည်

mgyoe.com

mgyoe.com SAMPLE BOOK


နာမနှင့် ကူးပုံရိပ်၏ စက်ကွင်းလွတ်ရာ နယ်ပယ်ကို စိတ်အမှောင်တွင် ဖွေရှာနေမိသည်။ ကူးအကြောင်း ခေါင်းထဲမှ ထုတ်ရမည်ဖြစ်ကြောင်း သိ၏။ သူ့အကြောင်း ထုတ်ပစ်ရမည်ဆိုတိုင်း သူ့မျက်နှာကို ပိုမြင်ယောင်လာမိကာ ပိတ်မှောင်နေသည့် အာရုံဝယ် သူ၏ နှုတ်ခမ်းတစ်ခြမ်းသာ တွန့်တွန့်ကလေး မဲ့ပြုံးတတ်သည့်ဟန်ကို လင်းလင်းချင်းချင်းကြီး မြင်နေသည်။

ပိန်းပိတ်၍ မှောင်နေသည့် ပင်လယ်ပြင်ဝယ် ရေငတ်သူသည် ရေချိုကို ဆာလောင်ကာ အိပ်မက်သည့်နှယ် ရှိ၏။

ကူး။

ကူးသည် ထိုထိုသော အမှောင်ပြင်ဆီသို့ လရိပ်ကလေးပမာ ချဉ်းနင်းဝင်လာပါသေးသည်။

တစ်ခုသော ညနေဘက်၌ ကူးသည် ကျွန်တော့်အိမ်သို့ ရောက်လာပြန်ပါသည်။

"ကူးကို အထင်သေးသလား ကိုလေး"

ဟု မေးသည်။

လပြည့်ကျော်တစ်ရက်နေ့ည၏ လရောင်သည် သူ့မျက်နှာတစ်ခြမ်းကိုသာ မှုန်မှုန်ဝါးဝါး ကျရောက်နေသည်။ မိုးပြာရောင်အကျီသည် ညို၍ ပြာမှိုင်းသော အသွင်ဆောင်နေသည်။ ကူး၏ ညိုသော အသားအရည်သည် မထည်ဝါသော လရောင်အိုအိုကလေး၏ အောက်ဝယ် မှိုင်းပျပျကလေး ရှိနေသည်။

"ဘာကို အထင်သေးရမှာလဲ ကူး၊ ကူးကို အထင်သေးရအောင် ကူးက ဘာတွေလုပ်နေလို့လဲ"ဟု အဝေါ်တူးစွာ မေးမိပါသည်။

ကူးက မပြုံးမရယ်သော နှုတ်ခမ်းဖြင့် တွေတွေကလေး ရှိနေသော်ငြား လရောင်စွက်သော သူ့မျက်လုံးသည် လဲ့စို၍ နေ၏။ ပြုံးနေသော မျက်ဝန်းလည်း ဖြစ်တန်ရာ၏။ ငိုနေသော မျက်လုံးလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်သည် သောက်လက်စ စီးကရက်ကို အလိုမကျစွာပင် ထိုးချေပစ်မိ၏။

"ကူးက ယောကျ်ားတွေကို သိပ်ရွံဖူးတယ် ကိုလေး"

"ဩော် ရွံသတဲ့လား"

ကူးသည် စိတ်ခုဟန်မပြ။

"ကူးက သိပ်ထူးဆန်းတယ်။ ဘာကြောင့်မျှား ဒီအကြောင်းတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ကိုလေးကို ပြောပြချင်ပါလိမ့်လိုလည်း စဉ်းစားမရဘူး၊ ကူးက တကယ်တော့ အမိုက်မပဲ"

စကားလုံးသည် နောင်တစကား ဖြစ်ပေသော်ငြား အသံသည် ဝန်ခံသံ ဖြစ်နေသည်။ နောင်တသံသည် ပြောင်းဖို့၊ ပြင်ဖို့ရာလမ်းကို မြင်သော နာကျင်သံ ဖြစ်၏။ ဝန်ခံခြင်းသည်ကား သူ့ရပ်တည်မှုကို မြွက်ဟခြင်းဖြစ်သည်။

"ငါကတော့ နားမထောင်နိုင်ဘူး ကူး"

ကူးက ပြုံးရုံသာ ပြုံးပါသည်။

"ကူး သိပါတယ်။ စိတ်ထဲက အလိုလိုသိနေတာ။ ကူးပြောလည်း ကိုလေး နားမထောင်ချင်ဘူးဆိုတာပေါ့။ ဒါပေမဲ့ ကူးက ဒီလို အပျက်မပါဆိုတာကို ကိုလေးက ဘာကြောင့် ဒေါသထွက်နေရတာလဲဆိုတာကို ကူး နားမလည်ဘူး"

ကူးသည် ကျွန်တော့်မျက်နှာဆီ စူးကြည့်ပြီး မေးသည်။ ကျွန်တော့်စိတ်ထဲ ရှိန်းခနဲဖြစ်လာသည်။ ကူး၏မျက်နှာဆီ ရဲရဲပြန်မကြည့်နိုင်။

စီးကရက်ကို ကပျာကယာထုတ်ပြီး မီးညှိဖို့ ပြင်သည်။

"ထွက်သွားရင် ကောင်းမယ် ကူး"ဟု ကျွန်တော် နှင်ရပါလေပြီ။

ကူးသည် ချက်ချင်းပင် ကျောခိုင်းသွားပြီး လှည့်၍ပင် မကြည့်တော့။ ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိမိပြန်သည်။ တစ်ချက်တင်းတင်း ရှိုက်ပြီး ဝေထွက်သွား၏။

သူ ဝေးသွားပြီလား။

ပြန်သွားပြီလား။

ဩော် နှင်လေမှဖြင့် ပြန်ပြီပေါ့။ သို့သော် နှုတ်ဆက်သွားဖို့ ကောင်းသည်။ ဒီမိန်းမပျက်သည် မခေါ်ဘဲ ဝင်လာတတ်ပြီး နှင်သောအခါ နှုတ်မဆက်တတ်သော အလိုက်ကမ်းဆိုး မသိသော မိန်းမဖြစ်၏။

သည်အိမ်သည် သူ့အတွက် ဇရပ်ပျက်တစ်ခုဟုပင် သဘောထားလေ ရော့သလား။ ဝရန်တာမှတစ်ဆင့် မျှော်၍ကြည့်မိသည်။ သံလမ်းပေါ်ဝယ် လူရိပ် နွဲ့နွဲ့ကလေးသည် နှေးကွေးစွာ လွင့်၍ ဝါး၍ ဝေးသွားလေပြီကော။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အနာ (၂)

## (က)

လေင်း ပြန်လာခဲ့ပြီ။

ဘယ်ကဘယ်လို ပြန်လာသည် မသိရ။ အမူးလွန်ပြီး ခေါင်းမထောင်နိုင်တော့ချေ။ ကူးနှင့် ဦးလှ တွဲခေါ်လာ၍သာ အိမ်ပြန်ရောက်လာသည်။ ကူးသည် လေင်းကို ပြန်ပို့ပြီး ချက်ချင်းပင် ပြန်သွား၏။

လေင်းမှာ ကားပြန်မပါလာတော့။ ကုန်ပြီဟု ထင်သည်။ သူ့မျက်နှာသည် ပိန်၍ ညှိုနေတော့သည်။ တွေ့လျှင် စိတ်ရှိလက်ရှိ ထိုးချပစ်လိုက်မည်ဟု တေးမှတ်ထားသည့် ဒေါသသည် တကယ်တမ်း တွေ့ရသည့်အခါ 'ခွေးကောင်'ဟုသာ ဆဲမိတော့သည်။

ကျွန်တော်သည် သူ့အား မေးခွန်းတွေ တရစပ်မေးသော်ငြား သူ မဖြေနိုင်တော့။ ဗလုံးဗထွေးသံသာ အဖြေပြန်ရသည်။ ဒေါ်လေးကို ဖုန်းဆက်ပြီး လေင်းကို ပြန်တွေ့ပြီဖြစ်ကြောင်း သတင်းပါးရ၏။

ညနေ နေညိုချိန်တွင် သူနိုးလာသည်။ မေးမည့်သူ မမေးနိုင်အောင် စကားတွေ တရစပ်ပြောသည်။ သူပြောသမျှသည် သူ့အကြောင်းမပါဘဲ ကူးအကြောင်း၊ ကူးအမည်ချည်းသာ ထပ်၍နေသည်။

ပြီးလျှင် ကျွန်တော့်အကြောင်း။

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုမောင်က တည်ကြည်တယ်။ ဒေါသလည်း ကြီးတယ်။ ကိုမောင့်စိတ်က ထူးဆန်းတယ်။ ကိုမောင်က ကြင်နာတတ်တယ်တဲ့။

ကျွန်တော် သိပ်ချစ်တဲ့ ကူးဟာ ကိုမောင့်ကို သံယောဇဉ်ရှိနေတယ်ထင်တယ်။ ကျွန်တော်က ကူးရဲ့အချစ်ကို မျှော်ခဲ့တာ။

ကူးကို ကျွန်တော် ကယ်တင်ချင်တယ်။ ကူးက ကျွန်တော်ပြောရင် နားမထောင်ဘူး။ ကိုမောင်ပြောရင်တော့ သူဟာ အခုဘဝထဲက လွတ်မယ်ထင်တာပဲ။ ကိုမောင် ကူးကို ပြောပေးပါ။ ကူးဟာ သိပ်ကို သနားစရာကောင်းတဲ့ မိန်းကလေးပါဗျာ"ဟု တတွတ်တွတ် ဆိုသည်။

"ဩော် ကူးက ဘယ်လိုမိန်းမမျိုးဆိုတာ မင်းသိနေလျက်နဲ့ ကူးကို ချစ်တယ်ဆိုပါတော့။

ကူးက သူ့ကိုယ်သူ အနစ်မွှန်းခံပြီး သူ့လမ်းသူ လျှောက်နေတာပဲ။ ဒါက သူ့ရွေးချယ်မှုပဲ။ မင်းကသာ မင်းလမ်းကို မင်းရွေးရမှာ ငလင်း။ မင်းဟာ မိုက်မဲလွန်းတယ်။ မိန်းမပျက်တစ်ယောက်ကို မင်းချစ်တာကိုက မှားနေတာ"

ကျွန်တော်သည် ငလင်းအား သည့်ထက်ပို၍ ပြောချင်၏။ နာအောင်ပြောချင်၏။ သို့သော် စကားလုံးရှာ၍ မရ။ ကူးဟူသော အပျက်မတစ်ယောက်၏ စေလိုရာ လက်တစ်ညွှန်အောက်တွင် ကျဆုံးလေပြီးသော ငလင်း၏ နှလုံးအိမ်အတွင်း စူးနစ်စွဲစေဖို့ သူ့အသိကို လမ်းပွင့်စေဖို့ရာ စကားများ ပျောက်ဆုံးနေသည်။

"မင်းမို့ ငလင်းရာ။ မင်းမို့ ဒီလိုမိန်းမကိုမှ--"

"ကူးကို ချစ်တာ မိုက်မဲမှုဆိုရင်လည်း ကျွန်တော် အဲဒီမိုက်မဲမှုကို ကျေနပ်တယ်။ အဲဒီရူးသွပ်မှုမှာ ပျော်တယ် ကိုမောင်။ ကျွန်တော်က မိန်းမတစ်ယောက် ပျက်ခြင်း မပျက်ခြင်းဆိုတဲ့ ခြောက်ပစ်ကင်း မိန်းကလေးကို ချစ်တာမဟုတ်ဘူး။ ကူးဆိုတဲ့ မိန်းကလေးကို ချစ်တာ။ ကူးရဲ့ ဖြစ်တည်မှုကိုပဲ ချစ်တာ"

ဩော်။

ဩော်ဟု ဖွင့်အံ့ရုံမှအပ အခြားစကားမရှိတော့ပြီ။ ကျွန်တော်သည် ငလင်းအား ငေး၍နေမိသည်။ သူ့ရူးသွပ်မှုအပေါ်တွင် သတ္တိရှိရှိ ရူးသွပ်နေ၏။

ညရောက်သော် သူ ပျောက်သွားပြန်သည်။ ဦးလှ၏ အပြောအရ ကူး၏အိမ်တွင် ရောက်နေကြောင်း သိရသည်။ ညဥ့်နက်သည်အထိ ပြန်မလာ။

ကူးဟူသော အပျက်မသည် ငလင်းအား မြူဆွယ်ထားပြီဟု ကျွန်တော့်စိတ်ထဲ တထစ်ချ မှတ်ယူမိတော့သည်။ ထိုသို့ မှတ်ယူမိသည့်ခဏတွင် ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK
စိတ်ဝယ် ထူးဆန်းစွာပင် ဖျင်းခနဲ ဖြစ်ရ၏။

ငလင်းအား ပြေး၍ ဆွဲခေါ် ချင်အောင် ဖြစ်ရသည်။ ပြီးလျှင် ကူးအား ထိုးနှက်ပစ်ချင်၏။

"မင်းကိုက ပါရမီကောင်းပါတယ် ကူးရယ်"ဟုသာ ညည်းချင်၏။ ကူးတို့ မေ့ပစ်ရ၏။ သို့သော် ကူးသည် အိပ်မက်ထဲအထိ ဝင်လာပါသည်။

ကူး၏မျက်နှာသည် မှုန်မှိုင်းမှိုင်းလေး ဖြစ်နေသော်ငြား မျက်လုံးသည် ရွှန်းပပကလေးဖြစ်၏။ သူက ရယ်နေပါသေးသည်။ ပခုံးလေး သိမ့်သိမ့်ခါရုံ ရယ်သည်။ ခါးကလေး ယိမ်းလှုပ်သည်အထိ ရယ်သည်။

သူ့အမူအရာသည် သူ့ရင်၏ မြူးနေဟန်ကို အထင်းသား ဖော်ပြနေ၏။

တစ်ခါတစ်ရံတွင် ငလင်း၏ လက်မောင်းအား လှမ်းပုတ်၍လည်းကောင်း၊ မျက်စလေး ဝင့်၍ ချီ၍လည်းကောင်း၊ လည်တိုင်ကြော့ကြော့လေးမှ လှပစွာ ပင့်တင်ထားသည့် မေးဖျားလေး ကော့မော့ကာ ရယ်၍လည်းကောင်း ကူးသည် မြူး၍ ပျော်၍ နေသည်။

သူ့ဟန်ကို ငေးရင်း ငလင်းသည် ငလင်းမဟုတ်တော့ဘဲ ကျွန်တော်ဖြစ်သွားသည်။ ကူးသည် ရယ်မောနေရာမှ တန့်၍ မေးဖျားကို အောက်ချ၍ မျက်လွှာကို ပင့်ကာ မျက်တောင်မခတ်တမ်း ကျွန်တော့်ထံ စူး၍ ကြည့်၏။

"ကိုလေးက ကူးကို မုန်းနေတာလား။ ဒါပေမဲ့ ကူးသိတယ်နော်။ ကိုလေး ရဲ့ မသိစိတ်ထဲမှာ ကူးရှိနေတယ်ဟုတ်လား။ ကူးကို ကိုလေး ညာလို့မရဘူး"

ကူးသည် သူ၏နှုတ်ခမ်းတစ်ဖက်ကို တွန့်ကွေးမြင့်တက်စေပြီး အနိုင်ရသူ တစ်ယောက်လို ကျွန်တော့်ရင်တွင်းထဲသို့ ထိုးစိုက်ကြည့်၏။ လှောင်သောမျက်လုံး နှင့် ခပ်ထေ့ထေ့ အကြည့်တို့ကြားတွင် ကျွန်တော် နေစရာရှားပါးလာပြီး ငြင်းဖို့ရာ အားမရှိ။

မီးခိုးငွေ့ဖြူဖြူတို့ ရစ်သိုင်းလာပြီး ကူး၏မျက်နှာ ဖျော့ဖျော့သည် ဝေ၍ လွင့်၍ ဝါးသွား၏။ မျက်လုံးသည်ကား စူးရှသော ကြယ်တောက်တောက်ကလေး နှစ်ခုပမာ ဘယ်လောက်ဝေးဝေး ကြည်ကြည်ထင်းထင်းကြီး မြင်နေရသေး၏။

ကျွန်တော်သည် "မဟုတ်ဘူး။ ငါ့ရင်ထဲ မင်းလို အပျက်မတစ်ယောက် ရှိစရာလား ကူး"ဟု ရယ်ပြရင်း ဗလုံးဗထွေးကြီး ဖြေ၏။ အော်၏။

သို့သော် ကူးမရှိတော့ပြီ။

တိမ်ခိုးတိမ်မျှင်တွေကြားတွင် ရယ်သံပျပျကလေးသာ တိုးသဲ့သဲ့ လွင့်နေ

mgyoe.com

mgyoe.com SAMPLE BOOK

၏။ ထိုထိုသော တိမ်မျှင်တွေကြား ကျွန်တော် မွန်းလာ၏။ လှုပ်ရှား၍မရအောင် ဆို့ကြပ်နွမ်းလျလာ၏။

အော်သံများ ကြားနေရသည်။

လေင်းဟူသော အဝေးမှ ခေါ်သံသဲ့သဲ့။ ကိုလေးမောင်ဟူသော အသံ သြသြ။ ဦးလှ၏ အသံဖြစ်ကြောင်း သိနေသည်။ တဒုန်းဒုန်းထုသံများ ကြားနေရ၏။ ဖျတ်ခနဲ လန့်နိုးပြီး ဘေးဘီကို ကြည့်၏။

မိုးလင်းတော့မည်ထင်သည်။ တံခါးဖွင့်ကြည့်တော့ ဦးလှကို တွေ့ရသည်။

"သံလမ်းမှာ လေင်း သေနေပြီလား မသိ"

ဦးလှသည် ပြောပြီးပြီးချင်းပင် ဆင်းပြေးသည်။ ကျွန်တော်သည် ဦးလှ နောက်သို့ ရုတ်ချည်းပင် ပြေးလိုက်သွားမိသည်။ မဝေးလှသော နေရာသို့အရောက် တွင် လေင်းအား သံလမ်းကို ခေါင်းတင်လျက် အနေအထားဖြင့် တွေ့ရသည်။

ကျွန်တော်သည် လေင်းအား ကပျာကယာ ပွေ့ချီပြီး လေင်းဟု တစာစာ ခေါ်ကြည့်သည်။

သူ့ခန္ဓာကိုယ်သည် ပျော့ခွေခွေကလေး ရှိနေသည်။ နှလုံးကို စမ်းသည်။ သွေးကြောကို စမ်းသည်။ မျက်နှာကို အသေအချာကြည့်သည်။ ခေါ်သည်။ ပြန် မထူး။ နှလုံးမခုန်။ သွေးမတိုးတော့။ မျက်နှာပြင်သည် အေးစက်စက်ဖြစ်နေသည်။ ကျွန်တော်သည် သူ့မျက်နှာကို အသေအချာကြည့်ပြီး လေင်းဟု အသေအချာ ထပ်ခေါ်ကြည့်နေသေးသည်။

လေင်းကား သေနေပြီ။

❑

(၁)

ကူး။

လေင်းကို ကူး သတ်လိုက်တာ။

ကူး သတ်ခဲ့တာ။

ကူး သတ်ပစ်ခဲ့တာ။

မျှော်လင့်တကြီးဖြင့် ရောက်လာသည့် ဒေါ်လေးသည် ရင်ကွဲပက်လက် ဖြင့် ပြန်သွားရရှာပြီ။ လေင်း၏ ကိစ္စအဝဝ ပြီးစီးသည့်အခါ ကျွန်တော်သည် ကူး ရှိရာဆီ သွား၏။ ကူးအား ထိုးပစ်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။

ကူး၏အိမ်သည် တံခါးပိတ်ထား၏။ လေင်းကို ကူး သတ်တာသာဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ သက်သေရှာ၍ မရသော သတ်ခြင်းမျိုးဖြင့် သတ်ခဲ့တာ ဖြစ်သည်။ စိတ်ဖြင့် သတ်ခဲ့တာဖြစ်သည်။ ဆေးစစ်ချက်အရမူ အလွန်အကျွံသောက်ပြီး ဦးနှောက်သွေးကြောပြတ် သေဆုံးမှုဟုသာ အမည်ပေါ်၏။

လေင်း၏ စိတ်ဒဏ်ရာကို ဘယ်သူကများ တိုင်းထွာစစ်ဆေးနိုင်ခဲ့သလဲ။ တရားခံသည် ကူးဟူသော အပျက်မတစ်ယောက်သာဖြစ်ကြောင်း ဘယ်သူမှ မသိခဲ့။

ဦးလှ၏ စကားအရ ကူးသည် ခရီးထွက်သွားသည်ဟု သိရသည်။ အငှားမယားမို့ ငှားသည့်နေရာဒေသသို့ ခရီးထွက်သွားသည် ထင်၏။ သူ့ကြောင့် လူတစ်ယောက်သေသည်ကို အလေးမထား။ သူပျော်ရွှင်စရာ တဏှာဘီလူးများ၏ ရင်ခွင်တွင် ကန့်ကလျဖြင့် ခုန်ချကြွေချင်နေသည့် ပန်းတစ်ပွင့်လို၊ သူ့ဝတ်မှုန်အသွေးအသားကို လိုလိုလားလားကြီး ပေးဆပ်နေရခြင်း၌ မွေ့ပျော်နေမည့် အပျက်မ။

ကူး ပြန်အလာကို ကျွန်တော်စောင့်နေသည်။ သည်ရက်ပိုင်း ကျွန်တော့်စိတ်ထဲတွင် ကူးသာ ကြီးစိုးနေ၏။ လေင်း သေဆုံးခဲ့သော သည်ဖြိုကြီးအား ဒေါ်လေးသည် ဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့ဟုဆိုသဖြင့် ကျွန်တော်သည် လက်လွှဲယူခဲ့ပြီးပြီဖြစ်သည်။

ကူးနှင့် အချိန်များစွာ ထပ်၍ ဆုံရပါလိမ့်ဦးမည်။

ကိုစိုးနိုင်ကိုလည်း "ကူး ပြန်လာရင် ကျွန်တော့်ကို ပြောပါ ကိုစိုးနိုင်" ဟု ပြောထားလိုက်၏။ ထိုညက လေင်းကို အိပ်မက်မက်သည်။ လေင်းသည် မှိုင်တွေသောမျက်နှာဖြင့် အိပ်မက်ထဲ ချဉ်းနင်းဝင်လာသည်။

သူ့မျက်နှာကို သဲကွဲစွာ မမြင်ရသော်ငြား စိတ်မှာတော့ အထင်အရှားမြင်နေသည်။

"ကျွန်တော် လေင်း မဖြစ်ချင်ဘူး။ ကိုမောင်ပဲ ဖြစ်ချင်တယ်။ ကူးက ကိုမောင်ကို သံယောဇဉ်ရှိနေတာ သိလိုက်ရတော့ ကျွန်တော်မခံစားနိုင်ဘူး ကိုမောင်။

ကူးဟာ အရင်က ဘယ်ယောက်ျားကိုမှ အထင်မကြီးဘူးတဲ့။

သူ ကိုမောင်ကို အထင်ကြီးတယ်။ ကူးကို ကိုမောင် ပြောပေးရင် ရနိုင်မှာပါ"

လေင်းသည် ဝေဝါးစွာ လွင့်ဝေးသွားပြန်သည်။

သူ့စကားတွေသည် ကျွန်တော့် ဝိုးတဝါး အကြားအာရုံမှသည် နှုတ်ဖျား

mgyoe.com

mgyoe.com SAMPLE BOOK

ဆီ လှုပ်ခတ်နေရာယူ၏။

သူပြောခဲ့သလား။ ကျွန်တော် ထင်မှားရေရွတ်နေမိသည့် စကားတွေပဲလားဟုမှု မသိကွဲ။

မင်းမို့ပေါ့။

မင်းမို့သာ လေင်းရာ။ မင်းကိုသတ်ခဲ့တဲ့ မိန်းမကိုမှ မင်းက စေတနာတွေ ပြုဆင်းနေသေးတယ်။ မင်းသာရှိနေသေးရင် ငါ မင်းကိုသတ်မိမှာ၊ ကိုမောင် မင်းကို သတ်မိမှာ။ ကျွန်တော်သည် သည်လိုမြည်တမ်းမိ၏။

"လေင်းဟာ ကူးစိတ်နဲ့ သေရတာ။ ကူးက သတ်လိုက်တာ"

သည်စကားကို ကျွန်တော် မူးတိုင်းပင် တဖျင်းဖျင်းထနေသော စိတ်ဖြင့် တုန်ရီစွာ ပြောမိသည်။ ကိုစိုးနိုင်က

"မဟုတ်သေးဘူး ကိုလေးမောင်။ ခိုင်လင်းက သူ့စိတ်နဲ့ သူ ပြန်သတ်တာ"

ကိုစိုးနိုင်အား ကျွန်တော် မကြည်မသာ ကြည့်မိပါသည်။

"ကူးက အရင်ကတည်းက ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဘူး။ အထင်လည်း မကြီးဘူး။ သူ့ပါးစပ်ထဲရှိရာ ပြောမှာပဲ။ တကယ်လို့ ခိုင်လင်းကို မငြင်းဘဲ ခိုင်လင်း စိတ်တိုင်းကျအတိုင်း ပြန်ချစ်ပြီဆိုပါတော့။ အဲဒါဆိုရင်ရော ကိုလေးမောင် ဘာပြောမလဲ။ ခိုင်လင်းကို မြူဆွယ်တယ်လို့ စွပ်စွဲကြမှာပေါ့။

ကူးက မြူဆွယ်တတ်တဲ့ မိန်းမသက်သက်တော့ မဟုတ်ဘူး။ သူ့ကို လာကပ်သူကို အထင်မကြီးတဲ့ မိန်းကလေးမျိုး။ သူ့ဆန္ဒ၊ သူ့စိတ်အတိုင်း သူနေမှာပဲ။ သူ့အပြစ်မှ မဟုတ်တာ၊ ခိုင်လင်းကသာ. . . "

ကျွန်တော်သည် မျက်နှာပြင်ဆီ လက်နှစ်ဖက်ဖြင့် ဖိအုပ်ပစ်ရင်း

"တော်ပါတော့ဗျာ၊ တော်ပါတော့"ဟု တားရသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ကူးသည် ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ကူး ရောက်လာသည့်အချိန်တွင်ကား စွပ်စွဲပစ်လိုက်မည်၊ ပြောလိုက်မည်ဟု တေးထားသော အရှိန်သည် ရင်တွင်း၌ပင် အကြိမ်ပေါင်းများစွာ ပြောဆိုနေရ၍ အားလျော့ အိပျော့စပြုနေသည့်အလား။

သူ့အား မကြည့်ချင်၊ မမြင်ချင်၊ ဆို့ခဲ့ပြီး လှိုက်နာခနေသော စိတ်သာ ရှိတော့သည်။ သို့သော်ငြား အလင်းမမြင်ရသော ညပေါင်းများစွာထဲ နေလာရသူသည် လကွေးကွေးကလေးကို တမေ့တမော ခိုးငေးသလိုမျိုး၊ နာသည့်စိတ်နှင့်အတူ

mgyoe.com

သူ့မျက်နှာလေးအား တစ်ချက်တစ်ခါ ခိုးငေးကြည့်မိပါသေးသည်။

"ကိုလေးက ခိုင်လင်းကိစ္စမှာ ကူးကို အပြစ်မြင်နေတာလား"

ဦးလှဆီမှတစ်ဆင့် ကြားသိခဲ့ပြီး ဖြစ်ဟန်တူသည်။

"ဒီလိုမှန်း ကြိုသိရင် အဲဒီညက ကူး ခရီးမထွက်ဘဲ နေမိမှာ"

"တော်ပါတော့ ကူး၊ ငါ မင်းကို မစွပ်စွဲချင်ဘူး၊ စွပ်စွဲဖို့လည်း မခိုင်လုံဘူး။ ဒါပေမဲ့ မင်းရဲ့ ပယောဂတော့ မကင်းဘူး ကူး"

"ကူးရဲ့နေရာမှာ ကိုလေးဆိုရင်ရော တော်ပါတော့လို့ တားနေပေမယ့် ကူးကတော့ ကိုလေး အထင်လွဲတာမခံနိုင်ဘူး၊ ပြောရမှာပဲ ကိုလေး။ ခိုင်လင်းက ကူးအိမ်ကို ရောက်လာတယ်။ ကူးကို ချစ်တဲ့အကြောင်း တဖွဖွပြောပြီး ကူးကိုရယူဖို့ သူကြိုးစားတယ်။ ကူးက ငြင်းခဲ့တယ်"

ကျွန်တော်သည် ဆေးလိပ်တစ်လိပ် မီးညှိလိုက်ရင်း ကူး၏မျက်နှာဆီ လှမ်းကြည့်၏။

"ဘာလဲ သူက ငွေမပေးနိုင်လို့လား"

ကူး၏ နှုတ်ခမ်းတစ်ဖက်သည် မသိမသာ ကွေးတက်သွားသည်။

"ကိုလေးက ကူးကို မကျေမနပ်ဖြစ်နေတာပဲ။ ကူးက အပျက်မဖြစ်နေပေမယ့် ကူးမှာ စောင့်ထိန်းတာ တစ်ခုရှိတယ်။ အဲဒါ အချစ်ပဲ။ ချစ်တယ်ဆိုတဲ့ စကားသုံးပြီး မိန်းကလေးတစ်ယောက်ရဲ့ ကာမကို ယူချင်တာမျိုးကို ကူး သိပ်ရွံတယ်"

"သေပြီးသားလူတစ်ယောက်ရဲ့ သိက္ခာကို ချတာမျိုးလား"

"ရှင်ကျန်ခဲ့တဲ့ ကူးအတွက် သိက္ခာကရော"

ကျွန်တော် ပြုံးမိပါ၏။

"မင်းမှာ"

ကူးက နာကျင်ဟန်ဖြင့် ပြုံးသည်။

"ကိုလေးက ကူးကို အပျက်မဆိုပြီး အထင်သေးချင် သေးလိမ့်မယ်။ ထားပါလေ။ လူတွေအားလုံးရဲ့ အမြင်မှာ ကူးက သိက္ခာမရှိဘူးပေါ့။

ကိုလေးတို့ လူကောင်းတွေက သိက္ခာဆိုတာကို လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာပေါ်မှာ ရှာကြည့်ပြီး အဲဒီစိတ်နဲ့ တိုင်းကြသလားပဲ။ ကူးလို အပျက်မတစ်ယောက်အတွက်ကတော့ အဲဒီအပေါ်မှာ သိက္ခာဆိုတာ မှဲ့တစ်ပေါက်တောင် ရှာစရာမရှိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ရုပ်အပေါ်မှာ သိက္ခာမရှိဘူး။ စိတ်ထဲမှာပဲ ရှိတယ်။ လူတစ်ယောက်. အထင်အမြင်လွဲခံရခြင်းဟာ ကူးရဲ့ သိက္ခာပဲ။ ကူးက ယောက်ျားပေါင်း များစွာနဲ့ တွေ့ဖူးတယ်။ လူပေါင်းများစွာနဲ့ ဆုံဖူးတယ်။

အဲဒီလူတွေမှာ တူညီတဲ့အချက်က သူများကို အပြစ်လွှဲတတ်တာချင်း တူကြတယ်။ အမျိုးသားတွေက ကူးကို ငှားကြတယ်။ ကူးက ငွေရလို့ လက်ခံတယ်။ အဲဒီအမျိုးသားတွေရဲ့ မိန်းမတွေက ဒီသတင်းကြားရင် ကူးကို ဆဲကြတယ်။ သူတို့ ယောက်ျားတွေ စည်းမရှိတာကို မမြင်ဘဲ ကူးကိုသာ ငွေနဲ့အလုပ်လုပ်တဲ့ ဟောဒီက ကူးကိုသာ အပြစ်ပုံကြတယ်။

လူတွေက ရယ်ဖို့ကောင်းတယ်။ ဒီရယ်စရာတွေက ကူးကို့ စော်ကားတာပဲ။ ကိုယ့်ခန္ဓာနဲ့ကိုယ် ကြည်ဖြူလို့ ငွေနဲ့လဲတာက ကူးအလုပ်ပဲ။

ကူးက အလုပ်လုပ်တာ။ ဒါပေမဲ့ ချစ်တယ်လို့ မပြောခဲ့ဘူး။ ချစ်တယ် တဖွဖွပြောပြီး ကာမကို မျက်စပစ်လာရင်တော့ ကူး သိပ်ရွံတယ်။ ကူး နားလည်ထားတဲ့အချစ်မှာ ကာမဆန္ဒက အရင်မလာဘူး ကိုလေး"

"မင်းရဲ့သိက္ခာ အဘိဓမ္မာတွေ ပြီးပြီလား ကူး"

ကျွန်တော့်ခနဲ့စကားကို ကူးသည် စိတ်ဆိုးဟန်မပြ။

"ကူးစိတ်ကို ကိုလေး မသိပါဘူး။ ကိုလေးမှ မဟုတ်ဘူး။ ဘယ်သူမှ မသိကြဘူး။ ဒါပေမဲ့ ကူးက ကိုလေးကို ပြောပြချင်နေတယ်။ အပျက်မတစ်ယောက်ဟာ သူခင်တွယ်မိရာလူကို ရင်ဖွင့်ချင်လာလိမ့်မယ်လို့ ကူးမတွေးခဲ့ဖူးဘူး၊ ခွင့်ပြုပါဦး ကိုလေး"

ကူးသည် ကျွန်တော့်မြင်ကွင်းမှ ဝေး၍ ပျောက်သွားသည်။

ဦးလှသည် သူ့အလုပ်သာ သူဖိလုပ်နေပြီး ကျွန်တော်နှင့် စကားမပြောဖြစ်။

တစ်ခုသောညနေဘက်တွင်တော့ ဝိုင်းဖွဲ့ရင်း သူနှင့်ဆုံဖြစ်၏။ ကိုစိုးနိုင်လည်း ပါသည်။ မူးလာသည့်အခါ သူကပင် စပြောသည်။

"ကိုလေးမောင်က ကူးကို အထင်လွဲနေသေးတာလား"

ဟုမေးသည်။ ကျွန်တော်က မဟုတ်ပါဘူး ဦးလှဟု ဖြေသည်။

"ကူးလေးနဲ့ မနေ့ညက တွေ့တယ်။ သူ ငိုနေတယ် ကိုလေးမောင်။ ကျွန်တော် သမီးလေးကူးနဲ့ ခင်မင်လာတာ အတော်ကြာပါပြီ။ ကူးငိုတာ ဒါနဲ့မှ နှစ်ခါပဲ ကြုံဖူးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါက ကိုသန်းလှိုင်နဲ့ပတ်သက်ပြီး သူငိုတာ"

"ကိုသန်းလှိုင်ဆိုတာက"

"ကူးရဲ့ ပထမယောကျ်ားလေ"

"ကူးက အရင်က အိမ်ထောင်ကျဖူးခဲ့တယ်လား ဦးလှ"

"ဟုတ်တယ် ကိုလေးမောင်၊ ကူးကို ဖျက်ဆီးခဲ့တာက ကိုသန်းလှိုင်ပဲ၊ ကိုသန်းလှိုင်မှာ မယားကြီးရှိတယ်လို့ ကူးပြောတယ်။ ပြီးတော့ ကူးဖခင်ရဲ့ မိတ်ဆွေလို့ သိရတယ်။

ဒီကိုရောက်စက သမီးလေးကူးဟာ အပျိုဖြန်းအရွယ်လေးပဲ ရှိသေးတယ်။ ကူးက ကျွန်တော့်ကို အကုန်ပြောပြပါတယ်။ ကူးရဲ့ဖခင်ဟာ ကူးကို သိပ်ချုပ်ချယ်တယ်လို့ ပြောတယ်။

ကိုသန်းလှိုင်ဟာ ကူးတို့အိမ်ကို မကြာခဏ ဝင်ထွက်သွားလာရင်း ကူးရဲ့ခင်တွယ်ရာ ဖြစ်လာပုံရတယ်။ ဖခင်ရဲ့ ချုပ်ချယ်မှုခံရတဲ့ အပျိုဖော်ဝင်စ မိန်းကလေးရဲ့ ထွက်ပေါက်အဖြစ် လွတ်လပ်ရာ ရှာချင်လာပုံရတယ်။

ကူးက ပြောတယ်။ အဲဒီတုန်းက ကိုသန်းလှိုင်နဲ့တွေ့ရင် ကူးက သိပ်ပျော်တာပဲလို့ မျက်ရည်စက်လက်နဲ့ ပြောဖူးတယ်။ ကိုသန်းလှိုင် ထားခဲ့တဲ့နောက်မှာတော့ သမီးလေးကူးဟာ အရင်လို မှိုင်တွေမနေတော့ဘဲ မာကျောလာတယ်။

တော်ရုံ သိပ်စကားမပြောတော့ဘဲ သူနေချင်သလိုနေတာ။ တော မှတ်မှတ်ရရ သူ့အိမ်နောက်ဘက်က နှင်းဆီတွေဟာ ကိုသန်းလှိုင် ထွက်သွားတော့ သူစိတ်ပြေလက်ပျောက် စိုက်ထားရင်း ရှင်နေခဲ့တာတွေပေါ့။

သူ့ဘဝသူကျောင်းရဖို့ ဒီအလုပ်ကို သူရွေးခဲ့တယ်ထင်ပါရဲ့။ လူပေါင်းမှားတာလည်း ပါတာပေါ့။ သူပေါင်းတဲ့ ကြည်ပြာဆိုတဲ့ မိန်းကလေးက အပျက်မလေ။ ကူးလေး ဒီအလုပ်လုပ်တယ်ဆိုတာ ကြားရတဲ့နေ့က ကျွန်တော့်မှာ မျက်ရည်ကျရပါတယ်။ တကယ်မျက်ရည်ကျရပါတယ်။

ကူးကို တားလို့လည်း မရဘူး။ ကူးဟာ သူ့သိက္ခာကိုလည်း ဂရုမစိုက်တော့ဘူး။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘူး။ ကူးလေးက သူ့ကိုပစ်သွားတဲ့ ကိုသန်းလှိုင်ကို စိတ်နာပြီး ယောကျ်ားတွေကို အထင်မကြီးတော့ဘူး။ သူ့ကိုယ်သူလည်း အထင်မကြီးတော့ဘူး။ သူ့ဘဝသူ ရေစုန်မှာ မျှောလိုက်တော့တာ ဒီနေ့အထိပဲ ကိုလေးမောင်၊ ဒီနေ့အထိပါပဲ"

ဦးလှသည် ပြောရင်းပင် မျက်ရည်ကျလာသည်။

mgyoe.com

ကူးသည် သူ့အား ကစားသွားသူတစ်ယောက်အား နာကျင်သောစိတ်ဖြင့် ယောက်ျားတကာ၏ အပျော်ခံမယားအဖြစ် အစားခံဘဝကို ပျော်ပျော်ကြီး ခုန်ဆင်းခဲ့လေသလား။ ဒါမှမဟုတ် သူ့ကိုယ်သူ စတေးပြီး ယောက်ျားတကာကို လှည့်စားနေသူပဲလား။

ကျွန်တော်သည် ကူးအား စိတ်နာသည့်ကြားမှပင် တအံ့သြတကြီး ဖြစ်ရလေသည်။

□

(၈)

ငလင်း။

ကျွန်တော့်အိပ်မက်ထဲသို့ ငလင်း ရောက်လာပြန်သည်။ သူ့သေဆုံးစဉ်ကလို စပို့ရှပ်အဖြူလေးနှင့် ဖြစ်သည်။ ကျွန်တော့်ဘေးမှာ ထိုင်၍ ပြုံးကြည့်နေသည်ဟု မြင်သည်။

သူ့အပြုံးသည် သူ့ကို နောက်ဆုံးတွေ့ခဲ့ချိန်ကလို နာကျင်ပူလောင်နေသည့် အပြုံးမျိုး မဟုတ်။ သူ့နှုတ်ခမ်းသည် တဆတ်ဆတ် တုန်မနေတော့ဘဲ လွတ်လပ်သွားသော၊ အောင်နိုင်သော လူတစ်ယောက်၏ အကြည့်ဖြစ်သည်။

"အခုဆို ကူးကို အပြစ်မမြင်တော့ဘူး ဟုတ်လား။ ကိုလေး သူ့ကိုပြောပေးမယ်လို့ ကတိပေးပါဗျာ"ဟု ကြားရသည်။

သူ့နှုတ်ခမ်းသည် ပွင့်မလာဘဲ စကားသံသာ ကြားရသည်။ သူကား ပြုံးနေလျက်။ ကျွန်တော် ကတိပေးပါသည်။ စိတ်ကတိလား နှုတ်ကတိလား မသေချာ။ သူကတော့ ကြားသည်ထင်၏။ ငလင်းက ပြုံးသည်။ မျက်ရည်စို့သည်အထိ သဘောတကျ ပြုံးနေ၏။

သူပြုံးနေပါသည်၊ ပျော်နေပါသည်ဆိုတာကို သိစေရုံမျှသာ သူ ကြိတ်၍ ပြုံးပါသည်။ ပြီးလျှင် သူ ကျွန်တော့်ဆီ ပြေးဖက်၏။ အေးခနဲ လှပ်ခနဲ ဖြစ်သွားပြီး အိပ်မက်မှ နိုးလာလျှင် ငလင်းစကားသံကို အခန်းတွင်း၌ အခုပင် သူပြောနေသကဲ့သို့ နားဖြင့် ဆတ်ဆတ်ကြားနေမိသေးသည်။

သည်မှပင် နိုးလာပြီး မိုးစင်စင်လင်းသည်အထိ အိပ်၍မပျော်။ မှေးခနဲ ဖြစ်သွားခိုက်တွင် ကူးသည် ကျွန်တော့်ဆီ လာသည်။ အတွေးလား အိပ်မက်လား မရေရာဘဲ ကူးနှင့်ကျွန်တော်သည် စကားတွေ အများကြီးပြောနေသည်။

"ကူးက ယောက်ျားတွေကို အထင်မကြီးဘူး ကိုလေး၊ ယောက်ျားတွေက

mgyoe.com

mgyoe.com SAMPLE BOOK

ကူးရဲ့ ခန္ဓာကိုယ်ကို ရလိုစိတ်နဲ့ လာကပ်ကြတယ်။ ကူးကို အရုပ်တစ်ရုပ်လို သဘော ထားကြတယ်လေ။ ဦးသွန်းလှိုင်က ကူးကို ကစားသွားတာ ကိုလေးရဲ့”

ကူး၏ နှုတ်ခမ်းတစ်ဖက်သည် မဲ့စေဖြင့် အထက်သို့ တက်သွား၏။ ပြီး လဲ့ကြည်သော မျက်ဝန်းသည် နာကျင်စိတ်ဖြင့် ဖျော့၍နေသည်။ ကူး၏ နာကျင် ဟန်သည် ကျွန်တော့်အမြင်အာရုံဝယ် ထင်းထင်းကြီး သိနေမြင်နေရပြီး ရင်သို့ ကူးစက်ကာ နာရ၏။

ကြက်တွန်သံ ပီပီသသကြီး ကြားလေမှ ကျွန်တော်သည် မှိုင်းဝေခဲကြပ် ကာ နိုးထလာရသည်။ နိုးနိုးချင်းပင် ကူးကို မြင်ယောင်သည်။ ကူးကို တမ်းတနေ သည်။ ကူးအား တွေ့ချင်၊ မြင်ချင်နေသည်။

အိပ်မက်ထဲမှ ငလင်း၏စကားကို ပြန်ကြားယောင်သည်။ အမှန်စင်စစ်မူ လူတစ်ယောက်၏ ကျင်လည်နေထိုင်ရာ ဘဝကို ပြောင်းလဲဖို့ရာ မလွယ်။ မိမိဘက် မှကြည့်လျှင် သနားစရာကောင်းသောသူအဖြစ်လည်းကောင်း၊ ရွံရှာဖွယ်ရာကောင်း သူအဖြစ်လည်းကောင်း မြင်မည်။

ကာယကံရှင်ကိုယ်တိုင်ကမူ သူ့ကိုယ်သူ နိမ့်ကျသူ၊ သနားစရာကောင်း သူအဖြစ် မြင်ချင်မှ မြင်လိမ့်မည်။ သူ့အလုပ်သည် သူ့ကျင်လည်ရာ ဘဝဖြစ်ပြီး နေသားကျနေသော သာမန်ဘဝအဖြစ်သာ မြင်မည်။ အတွေးအခေါ် အယူအဆ နှင့် အမြင်ဝါဒ ကွဲသူအား မိမိအလိုသို့ လိုက်ပါရန် ပြောဆိုဖို့ရာ ခဲယဉ်းလှသည်။ ကူးအား သူကျင်လည်ရာဘဝမှ ကျွန်တော့်အလိုသို့ ခေါ်ယူဖို့ရာ လွယ်သည်မဟုတ်။

ကူး။

အပျော်မယားမလေး ကူး။

ရင်သို့ မွှန်းရှစေသော၊ ဒေါသဆူစေသော မိန်းမတစ်ယောက်။

နှင်းငွေ့ပါးပါးလေးသာရှိပြီး အေးသည်ဟု မဆိုသာသော မနက်ခင်းတွင် ကျွန်တော့်စိတ်၌ ကူးသံည်သာ စိုးမိုး၍ ပူပူလောင်လောင်ရှိလှသည်။ ကျွန်တော် သည် ကူးအား တွေ့ချင်လာသည်။ ကားမယူပါဘဲ သံလမ်းအတိုင်း လျှောက်ပြီး ကူး၏အိမ်သို့ ကျွန်တော် ရောက်သွားသည်။

ကူး၏မျက်နှာတွင် အံ့သြရိပ်တို့ ဖြတ်ပြေး၏။

“ကိုလေး”ဟု တအံ့တသြ နှုတ်ဆက်ပြီး အိမ်တံခါးကို အပြေးကလေး ဖွင့်ပေးရှာသည်။ အနီးကပ်လေသောအခါ ကျွန်တော်သည် ကူး၏မျက်နှာလေးကို ငေး၍ ကြည့်မိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာသစ်ပြီးစ ထင်သည်။ ညိုနု၍ စိုနေသော မျက်နှာကလေး ရှင်း၍ ထင်းနေ၏။ မျက်ခွံများ မို့အစ်နေသည်ထင်သည်။ 'စောစောစီးစီး ကိုလေးရယ်' ဟုဆိုကာ မှိုင်းညို့ညို့ မျက်ဝန်းကြီးဖြင့် ငေး၍ ပြန်ကြည့်နေသည်။

ကူးတို့တွေ့တော့ ဘာပြောရမည်နည်း။ ယမန်နေ့က သူ့အား ရိသဲ့လှောင်ထေ့ခဲ့သူသည် ယခုမူ သူ့အိမ်ပေါ် ရောက်မှ အားနာရလေပြီ။

စီးကရက်တစ်လိပ်ကို ဆွဲထုတ်ပြီး မီးညှိလိုက်သည်။ ကူးသည် ကျွန်တော့်အား ဘာမှမမေး။ ကျွန်တော်သည်လည်း ဘာမှမဖြေ။

စီးကရက်ကို နှစ်ချက်မျှ ဆင့်ရှိုက်လိုက်ပြီး ဝေခနဲဖြစ်သွားမှ ကူး၏မျက်နှာဆီ တစ်ဖန်ပြန်၍ ကြည့်ကာ "မနေ့က စကားတွေအတွက် ကိုလေးကို ခွင့်လွှတ်ပါ" ဟု ပြောရသည်။

ကူး၏နှုတ်ခမ်းတွင် ကြည်သာသော အပြုံးကလေး လဲ့လာပြီး "ကိုလေး မမှားပါဘူး၊ ကူးကသာ မှားတာပါ။ ကူးကလေ ဘယ်သူ့ကိုမှ ဂရုစိုက်ခဲ့တာ မဟုတ်တော့ ကူးဘက်က အမှားတွေ သိပ်များတယ်။ အဲဒီညက ခိုင်လင်းကို ကူးငြင်းခဲ့တာ သိပ်မှားသွားတယ်"

ကျွန်တော်က လက်ကာပြ၏။ ကူးသည် သူ့စကားမှားကြောင်း သိပြီး မျက်နှာကလေး ညှိုးသွား၏။

"ဘာစားပြီးပြီလဲ"

"ဘာမှမစားရသေးဘူး"

"အပြင်ထွက်စားကြမယ်"ဟု ကျွန်တော်ပြောသည်။ ကူးက လက်ခံ၏။ ကျွန်တော်သည် အိမ်သို့ပြန်လာခဲ့ပြီး ကားယူသည်။ လမ်းတစ်လျှောက်တွင် ကျွန်တော် ရူးနေသလားဟု ပြန်တွေးမိ၏။

ကူးအား မုန်းချင်ချင်ဖြစ်သလို သနားသလိုလည်း ဖြစ်လာသည်။ ပြီး သူနှင့်ပတ်သက်ပြီး တွေ့ဆုံပတ်သက်စရာ ဘာမျှမရှိသော်ငြား တွေ့ချင်နေသည်။

စိတ်သည် အံ့ဩစရာကောင်းပါဘိ။

ကူးအား သွားခေါ်တော့ ကူးသည် အဝတ်အစားလဲထားပြီဖြစ်သည်။ အဖြူဖျော့ဖျော့အကျီ၊ ခါးတိုလေးနှင့် ခဲရောင်လုံချည်ကို တွဲ၍ ဝတ်ထား၏။ အထူးတလည် ခြယ်သထားခြင်းမရှိသော ပကတိရှင်း၍ အေးနေသည့် မျက်နှာကလေးကို တွေ့ရသည်။

"မနေ့က တစ်ညလုံး ကူးငိုနေခဲ့တာ"

mgyoe.com

mgyoe.com SAMPLE BOOK

ကားပေါ်တွင် ပြောသောစကားဖြစ်သည်။

"ဘာအတွက်လဲ"

"ကိုလေးက ကူးကို စွပ်စွဲတဲ့စကားကြောင့် ထင်တယ်။ ကူးက တကယ်ဆို ဘယ်သူ့ကိုမှ ဂရုစိုက်တာ မဟုတ်ဘူး။ ကိုလေးစကားကို ဂရုစိုက်ချင်တာ ထူးဆန်းတယ်"

ကူးဆီမှ ရေမွှေးနံ့ကို သတိထားမိ၏။ ကျွန်တော်သည် ပန်းခြံအနီးတွင် ကားကို ရပ်သည်။

"ကူး အခုလုပ်နေတဲ့အလုပ်ကို ဆက်မလုပ်ပါနဲ့တော့လား"

ကူးသည် ကျွန်တော့်ဆီ ဖြတ်ခနဲကြည့်ပြီး အကြည့်ကို လွှဲ၏။

"ဖြစ်ခဲ့ပြီပဲ၊ ပြန်ပြင်တော့ရော ကူးက လူကောင်းမှ ဖြစ်မလာနိုင်တော့ပဲ"ဟု ဆိုသည်။

ကျွန်တော့်ရင်ထဲ နင့်ခနဲ စူး၏။

"နယ်ပယ်အသစ်မှာဆိုရင် လူသစ်စိတ်သစ် ပြန်ဖြစ်နိုင်တာပဲ ကူး"

"အစွန်းအထင်းက လူမှာ စွန်းနေတာမဟုတ်ဘူး ကိုလေး။ ကူးရဲ့စိတ်မှာ စွန်းထင်းနေတာပဲ။ ဘယ်ဝန်းကျင်ပဲရောက်ရောက် စိတ်က ပြန်မသစ်နိုင်ဘူး"

"ကူးစိတ်မှာ ဘာတွေ စွန်းထင်းနေလို့လဲ"

"နာကျင်တာတွေနဲ့ အရွဲ့တိုက်ချင်စိတ်တွေ ထင်ရဲ့လေ။ ဒီစိတ်ကြောင့်ပဲ ကူးက အသက်ရှင်နေတာ။ တကယ်ဆို ကူးသေတာ ကြာလှပြီ။ လူမှာ မျှော်လင့်ချက်မရှိလျှင် သေတာနဲ့ မခြားဘူး။ ကူးမှာက ပျော်စရာကောင်းတဲ့ မျှော်လင့်ချက်မရှိဘူး၊ အရွဲ့တိုက်တတ်တဲ့ စိတ်ကပဲ ဒီနေ့အထိ အသက်ရှင်နေတာ"

"ကူးက ဘယ်သူ့တွေကို အရွဲ့တိုက်တာလဲ။ ဒီလို အရွဲ့တိုက်တော့ရော ကူးပဲ ခံရတာပဲမဟုတ်လား"

ကူးသည် အသက်မပါလှစွာ ပြုံးပြီး ကျွန်တော်ထံ ကြည့်သည်။

"ကူးက ယောကျ်ားတွေကို အရွဲ့တိုက်နေမိတာ ထင်တယ်။ ကူးကြောင့် နာကျင်ရသူမရှိဘူး ထင်နေသလား ကိုလေး။ ရှိတာပေါ့။ သိပ်ရှိတာပေါ့"

ကျွန်တော်သည် ကူးအား နားမလည်စွာ ကြည့်မိသည်။ ကူးသည် သူ့စကားကို ကျေနပ်နေသည့်ဟန်ဖြင့်လည်းကောင်း၊ နာကျင်နေဟန်ဖြင့်လည်းကောင်း နှုတ်ခမ်းကို မဲ့ယောင်ပြုလျက် မျက်ဝန်းတွင်ကား ငွေ့ရည်ဖွဲ့ကာ နာပြုံးပြုံး၍ နေလေသည်။

mgyoe.com

ပြီးလျှင်

"ကိုလေးမှာ မိဘတွေရှိသေးလား ကိုလေး"ဟု သူမေး၏။

❑

(ဃ)

နှုတ်ခမ်းမှ ထွက်ကျလာသော စကားလုံးများကို ရုပ်ရှင်လို မြင်နေသည်။ ရင်နားဖြင့် သိကြားပြီး စိတ်မျက်လုံးဖြင့် မြင်နေရသည်။

"ကူး ငယ်ငယ် လူမှန်းသိတတ်စကတည်းက အမေ မရှိတော့ဘူး။ ရှိလည်း အမေ့ကို ကူးက မချစ်ပါဘူး။ အဖေက စည်းကမ်းသိပ်ကြီးတာ"

စကားသံသည် ဆလိုက်မီးကဲ့သို့ နှလုံးအိမ်ပိတ်ဖျင်ပေါ်သို့ ထင်းထင်းပပ ကျနေသည်။ ချို့တဲ့သော အပျိုဖော်ဝင်စ မိန်းကလေးတစ်ယောက်။

"ကူး ငယ်ငယ်က ဘယ်သူနဲ့မှ မဆော့ရဘူး၊ တကယ့် အိမ်တွင်းပုန်းပဲ"

ကူး၏နှုတ်ခမ်းဝယ် ပြုံးရယ်ဟန်လေးပါ စွက်နေ၏။ အမှန်တော့ သူမပြုံးပါ။ မိန်းမငယ်လေးသည် ခြံဝမှနေ၍ အခြားသူများ၏ လွတ်လပ်မှုများကို ငေးနေခဲ့ရမည်ထင်ပ။

"ရှစ်တန်းအောင်တော့ ကျောင်းမတက်ရတော့ဘူး။ အဖေ့တစ်ယောက် လုပ်စာနဲ့ ကျောင်းစရိတ် မတတ်နိုင်တော့ဘူးတဲ့။ ကျောင်းမတက်ရတာက ကူးစိတ်ထဲ ဘယ်လိုနေမှန်းမသိဘူး၊ လွမ်းသလိုလို၊ ငိုချင်သလိုလို။

ပိုက်ဆံမရှိရင် ဘာမှလုပ်လို့ မရပါလားဆိုတာ ကူးသိလာတယ်။ သူများတွေ ကျောင်းတက်ရင် ကူးက ငေးကြည့်နေရတာ၊ ကျောင်းမတက်ရလို့လည်း ကူးက လွတ်လွတ်လပ်လပ် နေရတာမဟုတ်ဘူး။ အဖေက သိပ်ချုပ်ချယ်တာပဲ။

ကူး အပျိုဖြစ်လာတော့ ဂါဝန်လေး ဝတ်ချင်လာတယ်။ အဖေက ပေးမဝတ်ဘူး ကိုလေးရဲ့။ မိန်းကလေးဆိုတာ သိက္ခာရှိရှိ ဝတ်ရတယ်တဲ့။ ခဏခဏ ပြောပါတယ်။ ဘာတဲ့။ လူ့စိတ်က အဝတ်အစားအပေါ်မှာ သက်ရောက်မှုရှိတယ်တဲ့။ အခုနေ ပြန်တွေးရင် ရယ်ချင်တယ်။ အဲဒီတုန်းကတော့ ကူးမှာ ငိုလိုက်ရတာ ကိုလေးရဲ့။ အဖေက ဘယ်လိုပြောလဲ သိလား။

မိန်းကလေးတစ်ယောက်က အတိုအပြတ်တွေ ဝတ်ပြီး ပြင်ဆင်ခြယ်သနေပြီဆိုရင် ယဉ်ကျေးတဲ့စိတ်က ဖောက်ပြန်လာပြီတဲ့။ လုံလုံခြုံခြုံလေး ဝတ်ထားရင် စိတ်က ငြိမ်နေပြီး အတိုအပြတ်တွေ ဝတ်ရင် စိတ်က မြူးပြီး လွတ်လာတယ်တဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုလေးက အဲဒီအယူအဆကို လက်ခံရဲ့လားဟင်။ ကူးကတော့ အဲဒီတုန်းက လက်မခံပါဘူး။ တွေးလည်း မတွေးပါဘူး။ ကူးသိတာက အဲဒီလိုလေး ဝတ်ရင် လှမယ်ထင်တာပဲ။ ဒါပေမဲ့ ကူး မဝတ်ခဲ့ရပါဘူး။ ဆင်စွယ်ရောင်ဂါဝန်လေး တစ်ထည်ပဲ ရှိတယ်၊ အာ၊ အဲဒါထားလိုက်ပါ။ မုန်းလိုက်တာ။

ကူးက အိမ်တွင်းပုန်းဘဝပဲ နေခဲ့ရတာ။ ကူးဟာ ငြိမ်ငြိမ်ကုပ်ကုပ်နဲ့ လူတောထဲ မတိုးရဲဘူး။ အပေါင်းအသင်းမရှိဘူး။ ရွယ်တူသူစိမ်းယောကျ်ားတစ်ယောက်နဲ့များ စကားပြောမိရင် ကူးက အဆူခံရတော့တာပဲ။ ကူးရဲ့အမေဟာ သိပ်ကို ခေတ်ဆန်တယ်။ အလှအပ မက်တယ်။ သူ နောက်ယောကျ်ားနောက် လိုက်သွားပြီးနောက်ပိုင်း အဖေက ကူးအလှပြင်တာတွေ့ရင် ဆူတယ်။

အဖေ့အဆူအငေါက်တွေကို ကူး မခံစားနိုင်ပါဘူး။ အင်း တစ်နေ့တော့ အဖေ့ရဲ့သူငယ်ချင်း ဦးသန်းလှိုင်ဆိုတဲ့လူ အိမ်ကိုရောက်လာတယ်။ သူက ကူးတို့အိမ်နဲ့ တစ်အိမ်ကျော်မှာ ခဏလာနေတယ်။ သူရောက်နေတနဲ့အချိန်ပေါ့။ ကူးကို အဖေက ဆူတော့ သူက တားတယ်။ ကလေးကို မဆူပါနဲ့လို့ ပြောတယ်။ ကိုလေး ယုံမလားမသိဘူး။ ကူးဟာ အဖေ့ထက် သူ့ကို ပိုခင်သွားတယ်။ အဖေ့ကို သူ့လိုစိတ်မျိုး ရှိစေချင်တာ။ သူက ကူးတို့အိမ်ကို ခဏခဏလာတယ်။

ဦးသန်းလှိုင်။

ကူး၏ စကားသံများတွင် ကျွန်တော်မျောနေသည်။ ကျွန်တော့်မျက်လုံးထဲ ကိုယ်မမြင်ဖူးသည့် ဦးသန်းလှိုင်ကို မြင်နေသည်။ ကိုယ့်ရှေ့၌ မြင်နေရသည့် အဖြစ်အပျက်သဖွယ် ကြားသိနေသည်။

ဦးသန်းလှိုင်က ကူးအပေါ် အဲဒီလိုကောင်းခဲ့တော့ ကူးရဲ့မှီတွယ်ရာဟာ သူဖြစ်လာတယ်။ ကူးပျင်းတဲ့အခါ သူ့အိမ်ကို သွားလည်တော့တာပဲ။ ကိုလေးရယ်၊ လူတွေက ဘာတွေလဲဟင်။ ယောကျ်ားတွေက ဘယ်လိုတွေလဲ နားလည်ရခက်လိုက်တာ။ ဟင့်အင်း၊ နားလည်ရခက်တာ မဟုတ်ဘူး။ ကူးက ညံ့ခဲ့တာ။ ငယ်သေးတာကိုး။ ချုပ်ချယ်ခံရတဲ့ လှောင်အိမ်ထဲက မရင့်ကျက်တဲ့ စကားမာမာ မပြောရဲတဲ့ ဟောဒီက ကူးကကို ညံ့တာ။ သူ့ရဲ့စေတနာတွေကို အထင်းသားကြီး မြင်ခဲ့ရတာပေါ့"

ပြောနေရင်းပင် ကူးသည် အသက်ကို ခက်ခက်ခဲခဲ ရှူရှိုက်နေရဟန်ဖြင့် လည်ကို မော့၊ ခေါင်းကို မော့ပြီး မျက်လုံးတွေ မှိတ်ထား၏။ ဖိကပ်ထားပါလျက်နှင့် သူ့နှုတ်ခမ်းတစ်ဖက်သည် နာကျင်သည်ကို အခံရခက်စွာ တုပြိုင်ပြုံးသည့်နှယ်

mgyoe.com SAMPLE BOOK

ကွေးစစဖြစ်၏။ တွန့်ကွေးသော ထိုနှုတ်ခမ်းဘက်မှ ပါးအုံသည် တင်း၍နေလေသည်။

"စည်းမရှိတဲ့ ယောကျ်ားတွေဟာ ပျိုသည်ဖြစ်စေ၊ အိုသည်ဖြစ်စေ မိန်းကလေးတစ်ယောက်ကို သားကောင်လို မြင်နေကြသလားပဲ။ အို မြင်နေကြသလား မဟုတ်ဘူး။ အဲဒီလိုကို မြင်နေကြတာဖြစ်မယ်။

သူတို့အတွက်က မိန်းမတစ်ယောက်ကို သားကောင်အဖြစ်ပဲ မြင်ကြတယ်။ မိန်းမအဖြစ် မွေးလာတာကိုက သူတို့ အမဲလိုက်ဖို့ မွေးလာတယ်လို့ မှတ်ယူကြတယ်။ မိန်းမဘဝက တကယ်လည်း သားကောင်ပါပဲ ကိုလေးရယ်။ သားကောင်ပါပဲ"

ကူး၏အသံသည် တိုး၍ တိမ်ဝင်သွားချေပြီ။

တိုးသဲ့သည်သာမကပဲ ရှိုက်သံဖြင့်သာ ဆုံး၏။ ပြီးလျှင် ကူးသည် အသံမထွက်တော့ဘဲ ဆင့်ကာဆင့်ကာ ရှိုက်၍နေ၏။ ကူး ငိုနေသလားဟု ကျွန်တော်ကြည့်မိ၏။ မျက်ရည်ဗလာဖြင့် ရဲ၍ အိုနေသော မျက်လုံးကိုသာ မြင်ရသည်။ ရှိုက်သံသည် ရှည်လျားလွန်းလှကာ အဆုံးတွင် တဆတ်ဆတ်တုန်၏။

ကူး ငိုနေပါသည်။

ငိုနေသည်ဟု ကျွန်တော် ယူဆပါသည်။ တချို့သော ငိုခြင်း၌ကား မျက်ရည်သည် သက်သေပြလို့မရ။ တိတ်ဆိတ်ခြင်းသည် ပို၍ ပြင်းထန်ကြောင်း နားလည်မိပါသည်။ ရှိုက်ငိုခြင်းထက် ပို၍ အားကြီးပါ၏။

သူ ဘယ်လောက်များ ကြာကြာငိုရှိုက်ဖူးပါလိမ့်။ ရှိုက်ပြီး ခဏ၌ ပြုံးတတ်သူလိုပင် သူ့ငိုခြင်းသည် ခဏတာမျှသာ ထင်သည်။

❑

## (င)

ကူးသည် ခရီးထွက်သွားပြန်ပြီ။ သည်သို့သော ခရီးပေါင်းများစွာကို ပန်းပန်မပျက်၊ ရင်ကော့ထွက်သွားနိုင်သူပါပေ။ သူသည် ထိုထိုသောခရီးကို ဘယ်လိုပုံစံ၊ ဘယ်လိုခံစားချက်မျိုးဖြင့် ထွက်သွားနိုင်တာပါလိမ့်။

သူ ဝတ်ဆင်နေကျ အင်္ကျီခါးတိုလေးနှင့် လုံချည်ရှည်ရှည်လေး ဝတ်ဆင်သွားလေသလား။ ပြီးလျှင် သနားစဖွယ် မျက်နှာလေးဖြင့် တစ်ဖက်လူ၏ နှလုံးစိုင်ကို ဆွဲကိုင်လှုပ်ခတ်ဖို့ရာ ကြိုးစားနေမလား။

mgyoe.com

mgyoe.com

သို့တည်းမဟုတ် သူ၏ အနုအယဝယ် တစ်ဖက်လူသည် ဘဝကို မေ့ကာ မျောနေမလား။ ကူးသည် သူ့ပါးကို တစ်ဖက်လူ၏ အနမ်းဆီ ငဲ့လင့်ထိုးအပ်ပြီး သူ့အလှ၊ သူ့ကာယကို ဝင့်ကြွားနေမလား။ သူ့ဘဝကို မေ့နေမလား။ သူ လူဖြစ်လာရခြင်းတန်ဖိုးကို တွေးများ တွေးမိပါရဲ့လား။

ကျွန်တော့်စိတ်ဝယ် သည်လိုချည်းသာ တွေးမိနေတာ မွန်းလှ၏။

ဝတ်ရည်အိုင်တွင်း နစ်သောပျားကဲ့သို့ ရုန်းထွက်ဖို့ မတတ်သာ၊ ထိုဝတ်ရည်ထဲတွင်သာ အသေခံချင်သည့်နှယ်၊ ကူးထံသို့သာ စိတ်နစ်နေမိလေသည်။ ကူးသည် ကျွန်တော် လိုလိုလားလားဖြင့် အသေခံလောက်သည့် ဝတ်ရည်ပဲလား။ သိက္ခာကို လက်ကိုင်ထားသင့်၊ ထားထိုက်သည့် လူ့ဘောင်၌ သိက္ခာဝတ်ရည်မဲ့ပြီး အဆင်းသာရှိသည့် ပန်းပွင့်လွှာကိုမှ ကျွန်တော် ယစ်မူးစွာ တမ်းတနေ၏။

ရူးမိုက်စပြုနေပြီကော။

ကျွန်တော်သည် မျက်လုံးစုံမှိတ်၍ ခေါင်းခါပစ်မိပါသည်။ အတွေးအာရုံဝယ် ကူးသည် မြဲတည်နေပါသေးသည်။

သိက္ခာမရှိသော ကူး။

အပျက်မလေး ကူး။

သူ့ကိုနာအောင် တွေးတိုင်း ပြန်နာရသူသည် ကျွန်တော်သာ ဖြစ်နေပြန်သည်။ တဆစ်ဆစ် တအုံအုံ နာရ၏။ ပြီးလျှင် သူ့အား သနားရ၏။ ကျွန်တော်သည် သတိလက်လွတ်စွာပင် ကူး ပြန်လာပြီလားဟု တမေးတည်း မေးနေမိလေပြီ။

ရွက်ဝါတချို့ ကြွေလျောလေပြီ၊ ရွက်သစ်တချို့ ဝေဖူးကုန်ကြပြီ။ ယမန်နေ့က စိမ်းရောင်ကျန်နေသေးသည့် သစ်ရွက်တိုပသည် ခန္ဓာရွက်လွှာအိုကို ခဝါချဖို့ရာ အလုအယက် ခုန်ဆင်းနေကြပြီထင်သည်။ သို့သော် ကူးပြန်လာချိန်တွင်မူ ရွက်စိမ်းတို့ပင် အဲကုန်အစင်မပါသေး။ ကျွန်တော်သာလျှင် စိတ်စောနေခြင်း ဖြစ်တန်ရာ၏။

ကူးအား ထာဝရမကြွေတတ်သော ရွက်စိမ်းလေးပမာ မြင်ရသည်။

မျှော်ရပါသော ကူး။

တွေ့ပြန်သောအခါ နာရပါသော ကူး။

အင်္ကျီခါးတို အစိမ်းနုနုလေးနှင့် အကွက်စိပ်ကလေးပါသော လုံချည်ကို ခြေမျက်စိ မပေါ်တပေါ် လေး ဝတ်ဆင်ထားပြီး ဖိနပ်ထူလေးစီးလျက်နှင့် နှင်းရည်စိုစစဖြင့် မှိုင်းနေသော မြေကပ်ပန်းဝါဝါလေးတွေပေါ် နင်းလျှောက်ကာ လှမ်းလာ

mgyoe.com SAMPLE BOOK

သည်။ သူ့မျက်နှာကလေးသည်ကား သူ့ဦးခေါင်းထက်တွင် ထိုးစိုက်ထားသည့် ပန်းအဖြူပွင့်လေးသဖွယ် ဖြူစင်ပြီး အပြစ်ကင်းလှသော အပြုံးသာသာလေး လွင်လျက်ရှိသည်။

"ကိုလေး"ဟု ရွှင်မြူးစွာ ခေါ်သည်။

"အကြာကြီးပဲ"ဟု ကျွန်တော် ပြောမိပါသည်။ ကန္တာရထဲ ဖြတ်လာရသူသည် သူ ဆာလောင်မွတ်သိပ်သည့် ရေချိုအိုင်ကို တွေ့လိုက်ရသည့်အလား နွမ်းလျစိတ်တို့ ငြိမ်းရလေသည်။ သူ့အား ငေး၍သာ ကြည့်မိသည်။ ပျိုမျစ်ကြည်သာသည့် မျက်နှာကလေး။ ကူးသည် ကြည်တောက်တောက် မျက်လုံးကလေး ပင့်ပြီး

"ကိုလေးက သတိရနေလို့လားဟင်၊ ကူးကတော့ ကိုလေးကို သတိရနေတာ"ဟု သဲ့သဲ့ကလေး ရယ်ပြီး တိုးဖွဖွဆိုသည်။

"ဟုတ်တယ်မို့လား၊ ကူးကို သတိရနေတာမို့လား"ဟု ထပ်လောင်းကာ ပိုင်စိုးပိုင်နင်း မေးပြန်သည်။ ကျွန်တော်သည် ဘာမှမဖြေဘဲ "ကူးက ပျော်လာခဲ့တာလား"ဟုသာ တွေးမိပြီး စိတ်အနယ်သည် ငြိမ်၍ တည်သွားရပါတော့သည်။

မကြာမလပ် တသသ တမ်းခဲ့ရပါသော ကူးကလေး။ မြင်ရသော်ငြား သူ၏ရွှင်သော မျက်နှာသည် ကျွန်တော့်အား အပြည့်အဝ မသာယာနိုင်ပါပေ။

"ဒီဘဝထဲမှာ ပျော်နေတာလား ကူး"ဟု ကျွန်တော် အလျင်စလိုပင် မေးမိပါသည်။ ကူးက အရယ်မပျက်ပါဘဲ မျက်စလေး စွေငဲ့ကြည့်ပြီး

"ကူးက ဘာဖြစ်နေလို့လဲ ကိုလေးရဲ့"ဟု ပြန်မေး၏။

သိပါလျက် မေးသောအမေးကို ကျွန်တော် မဖြေချင်။

"မင်းကိုယ်မင်း သိမှာပါ ကူး"ဟုသာ ဆိုမိသည်။

"ဟင့်အင်း။ ကူး မသိဘူး။ ကူးကို ကိုလေး ဘယ်လိုမြင်လဲဆိုတာကို သိချင်တာ။ ဒါထူးဆန်းတယ်နော် ကိုလေး။ ကူးဟာ ဘယ်သူက ဘယ်လိုမြင်မြင် ဂရုမစိုက်ပါဘူးဆိုမှ အလေးလည်း မထားဘူး။ ဒါပေမဲ့ ကိုလေးက ကူးကို ဘယ်လိုမြင်လဲဆိုတာတော့ သိချင်တယ်"

"ဒီအတိုင်းပဲ နေသွားတော့မှာလား"

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း ကူးဆီမှ စကားကို နားစွင့်နေသည်။ စီးကရက်ကို တစ်ရှိုက်တင်းတင်း ရှိုက်ပစ်ရင်း မီးခိုးငွေ့တို့ကို မှုတ်ထုတ်ကာ လွင့်မျော့သွားသော အခိုးအငွေ့တွေကို ငေးနေမိ၏။ နှုတ်ဆိတ်နေမိ၏။

mgyoe.com

m.gyoe.com SAMPLE BOOK

"ကိုလေး သိရဲ့လား။ ကူးက အရာရာကို အသစ်က ပြန်စလည်း ဒီဘဝ ဒီအခြေအနေဟာ အသစ်အတိုင်း ပြန်ဖြစ်မလာတော့ဘူးလေ။ ကူးက နေသားကျနေပြီ"

ကျွန်တော် ဘာပြောရမည်နည်း။

"ပြီးတော့ ကူးက ဒီအလုပ်ကို လုပ်ရတာ ကျေနပ်တယ်"

သည်တစ်ခါတော့ ကျွန်တော် ဒေါသစိတ်ဖြစ်လာသည်။ စီးကရက်ကို ထိုးချေလိုက်ပြီး "မင်းက အပျက်မပဲ ကူး။ တကယ့် မိန်းမပျက်ပဲ။ ဒီလို မိန်းမပျက်ကိုမှ လူ့ပတ်ဝန်းကျင်မှာ တင့်တယ်အောင် ဘဝသစ်ပြန်စဖို့ မျှော်လင့်မိတာကိုက အမှားပဲ"ဟု ပြောမိလေသည်။

ကူးထံမှ ခြောက်ကပ်ကပ်ဖြင့် တဟင်းဟင်း ရယ်သံက လွင့်လာသည်။ စိတ်ဆိုးပုံမရ၊ နာသည့်ပုံမပေါ်။

"အမှန်အတိုင်းပြောရရင် ကူးက ပြည့်တန်ဆာဘဝကို ကျေနပ်တယ် ကိုလေးရဲ့"

ကျွန်တော်သည် ကူးအား ရွံမုန်းစွာ ကြည့်မိသည်။ ပြီးလျှင် နာကျင်စွာ ပြုံးဖြစ်သည်။ လောက်က မစင်ကို မစွန့်နိုင်ဘဲ စွဲမက်သကဲ့သို့ ကူးသည်လည်း သွေးသားစပ်ယှက်နေရသော အရသာကို စွဲမက်နေသည်ဟု မှတ်ယူကာ သူ့အစား သူ့အား နှမြောနေပြီး ကျွန်တော့်ရင်၌ ကျင်ကျင်စစ်စစ် တနင့်နင့် နာရပါသည်။

"ဒီဘဝမှာ မင်းအတွက် ဘာတွေများ ကျေနပ်စရာတွေ ရှိနေလို့လဲ။ ဆန့်ကျင်ဘက် သွေးသားနဲ့ ထိစပ်ရတာကို ကျေနပ်နေတာထင်ပ့ါ"

ကူးသည် စိတ်ဆိုးဟန်မပြပါချေ။

"ကူးပြောပြရမလား ကိုလေး"

ကျွန်တော် မသိစိတ်၌ နားစွင့်နေရပါသည်။

◆◆◆

m.gyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

## (က)

"အမှန်အတိုင်းပြောရရင် ကူးက ပြည့်တန်ဆာဘဝကို ကျေနပ်တယ်။ ပြည့်တန်ဆာတွေမှာ သာမန်လူတွေထက် ဝန်ပေါ့တယ်။ အရှက်မရှိဘူး၊ သိက္ခာမရှိဘူး။ အရှက်သိက္ခာအတွက် ဟန်ဆောင်ရတာ မရှိဘူး။

လူအချို့ဟာ များသောအားဖြင့် သိက္ခာအတွက် ဟန်ဆောင်ကြတယ်။ ဖုံးဖိကြတယ်။ လူ့ပတ်ဝန်းကျင်မှာ အခြားသိက္ခာထက် လိင်ကိစ္စနဲ့ပတ်သက်တဲ့ သိက္ခာဆိုရင် အထိပါးမခံနိုင်အောင် ကြောက်ကြတယ်။

ကူးတို့က လွတ်လပ်တယ်။ ကူးတို့က အဲဒီလူကောင်းတွေရဲ့ မျက်နှာဖုံးကို ခွာမြင်ရတယ်။ လူကောင်းဆိုတဲ့လူတွေက ပြည့်တန်ဆာတွေကို ရွံသတဲ့။ ဒါပေမဲ့ သူတို့ထဲကပဲ ပြည့်တန်ဆာတွေဆီ လာကြပြန်တာပဲ။ အချို့ကတော့ ပြည့်တန်ဆာနဲ့ သွားလာဆက်ဆံရတာကို ရှက်တယ်။

ဒီတော့ ကူးက နာမည်ပြောင်းလိုက်တယ်။ ပြည့်တန်ဆာထက် အဆင့်ရှိတဲ့ အငှားမယားဆိုတဲ့ နာမည်ပေါ့။ ဒါမျိုးကျတော့ တိတ်တိတ်ကလေး ငှားနိုင်ရင် သူတို့ကိုယ်သူတို့ အဆင့်ရှိသလို ခံစားရတယ်ထင်ရဲ့။ နေ့အလင်းရောင်နဲ့ လူ့ပတ်ဝန်းကျင်မှာတော့ လူကောင်းတွေချည်းပဲ။ ဆိတ်ကွယ်ရာ အမှောင်အောက်ရောက်တဲ့အခါမှာတော့ သူတို့ရဲ့မျက်နှာဖုံးကို ချွတ်လိုက်ကြပြီ။

mgyoe.com

သူတို့ရဲ့ သိက္ခာဆိုတာ လူမသိဖို့နဲ့ သူတို့ရဲ့ နာမည်မပျက်ဖို့သာ စောင့်စည်းတဲ့ သိက္ခာပဲ ကိုလေး။ ကိုလေး သိရဲ့လားဟင်။ ကူးကို ခေါ်ကြသူတွေက သူတို့ပတ်ဝန်းကျင်မှာ အဆင့်အတန်းရှိပြီး ငွေရှိကြသူတွေချည်းပဲ"

ကူးအား ကျွန်တော် နားမလည်နိုင်ပါပေ။ ကူးသည် ရုပ်ကလေး ယဉ်သလောက်၊ အပြောလေး ချိုသလောက် စိတ်ဓာတ်သည်ကား လူ့ဘောင်နှင့် ဆန့်ကျင်စွာ ပျက်စီးနေသူပါလားဟု သဘောပေါက်လာသည်။

"သူတို့ဟာ မိန်းကလေးတစ်ယောက်ကို ငွေပေးပြီး အိပ်နိုင်ရင် သူတို့ကိုယ်သူတို့ မြတ်လှပြီလို့ ထင်နေကြတာ။ ယောကျ်ားနဲ့မိန်းမ ဖိုမသဘောမှာ ယောကျ်ားတွေက မြတ်တယ်လို့ ထင်ကြသူတွေ။ ရယ်စရာပြောရဦးမယ်။ ကူးက တစ်ခါတစ်ခါမှာ ငွေလိုနေတဲ့ ကျောင်းသူဖြစ်ရပြန်တယ်။ တစ်ခါတစ်ခါမှာတော့ ကျောင်းဆရာမ၊ တစ်ခါတလေ သူနာပြုမလေးပေါ့လေ။

ယောကျ်ားတွေဟာ ထူးဆန်းတယ်။ ကူးက သူနာပြုမလေး၊ ကျောင်းဆရာမလေး၊ ဆေးကျောင်းသူလေးများဆိုရင် ငွေပိုရပြန်ရော။ တွေးကြည့်ပါဦး။ သူတို့တွေရဲ့စိတ်မှာ မိန်းကလေးချင်း အတူတူကို ဘွဲ့ရပညာတတ် ဆရာမလေးတစ်ယောက်ကို ခြေရတော့မယ်၊ ခြေလိုက်ရတယ်ဆိုတဲ့ အတွေးက သူတို့သိက္ခာကို မြင့်သွားစေတာမျိုးထင်ရဲ့။

ကူးကတော့ ရယ်ချင်တာပါပဲ။ ဟောဒီ ကူးတို့ပတ်ဝန်းကျင်ကကို အဲဒီလို ခံယူထားကြတာမဟုတ်လား။ ကူးကတော့ ဒါတွေကို ရယ်ချင်တယ်။ သူတို့ဟာ သူတို့သိက္ခာမျက်နှာဖုံးကို ခွာချပြီး ကူးတို့ရှေ့မှာ ငွေပေးပြီး လာခင်းပြကြတာနဲ့ မတူဘူးလား။

အဆင့်မြင့်တဲ့ ကောင်မလေးတွေကိုမှ ခြေချင်၊ ကြောချင်ကြပြီး ဒီလို ကြောလိုက်ရတာကို တသသ ဂုဏ်ယူချင် ယူနေမှာ။ မြတ်တယ်၊ ယောကျ်ားပီသတယ်လို့ ထင်ချင်ထင်နေမှာ။ ဒါကြောင့်လည်း မိန်းမချင်းအတူတူကိုမှ ပညာတတ်ဆိုရင် ငွေပိုကုန်ခံကြတာ မဟုတ်လား။

ကူးက ဒီလိုဟန်ဆောင်ဖို့လည်း မလွယ်လှပါဘူးလေ။ အတွေ့အကြုံမရှိတဲ့ အပျိုမလေးလို၊ ရှက်နေတဲ့ ဆရာမလေးလို တစ်ခါတစ်ခါ သွေးကြွဟန်ဆောင်ဖို့က လွယ်တော့မလွယ်ဘူး။ တစ်ခါတစ်ခါ လိင်မနော နောကြေနေတဲ့ မိန်းမတစ်ယောက်လိုမျိုး၊ တစ်ခါတစ်ခါကျတော့ ကြောက်နေသလိုမျိုး လက်မောင်းတွေ တောင့်ထားရတာပေါ့၊ ပခုံးများ လာထိရင် ဆတ်ခနဲ လန့်ရတာမျိုး။ သူ့မျက်နှာကို

mgyoe.com